ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 13 July 2025 ၁၁၈၇၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

## ရွှေဝါငါးကြင်းကောင်ရေ ၅၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၄၅၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးမျိုးကောင်ရေ ၁၀၀၀၀၀ စိုက်ထည့်ပေးနိုင်ခဲ့




**နေပြည်တော် ဇူလိုင် ၁၂**

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရေဆင်းဆည်အတွင်း ငါးသယံဇာတများ တိုးပွားစေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊လေ) မိသားစုများက ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ငါးမျိုးများအား ဦးဆောင်စိုက်ထည့်ပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ရေဆင်းဆည်အတွင်း ငါးမျိုးများ ဦးဆောင်စိုက်ထည့်ပေးစဉ်။

**ယနေ့ ဖတ်စရာ**

ပြည်တွင်း၌ တည်ထောင်ပြီး စက်မှုဇုန်များတွင် စက်မှုလုပ်ငန်းပေါင်း ၈၀၃၅ ခုရှိပြီး လုပ်သားပေါင်း ၅၅၆၀၀၉ ဦးခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိ
စာမျက်နှာ » ၅

သဘာဝဘေးအန္တရာယ်ကျော်လွှားဖို့ သစ်ပင်စိုက်ပျိုးကြပါစို့
ဆောင်းပါး စာမျက်နှာ » ၆

ဥရောပ မကောင်းနိုင်တော့ပြီ
ဆောင်းပါး စာမျက်နှာ » ၁၀

စာဖတ်ခြင်းဖြင့် ဘဝတန်ဖိုး မြှင့်တင်ကြပါစို့
မျိုးဆက်သစ်ပျိုးခင်း
စာမျက်နှာ » ၂၁

ကြေးမုံ

# အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး တစ်အိမ်တစ်ပင်စိုက်ဖော်ဆောင်ပေး

အပူပိုင်းဒေသ(၁၃)ခရိုင်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို ဇူလိုင်လ ၁၁ ရက်နေ့က နိုင်ငံတစ်ဝန်း၌ ကျင်းပပြုလုပ်ခဲ့ရာ အပူပိုင်းဒေသ(၁၃)ခရိုင်၊ မြို့နယ်(၂၉)မြို့နယ်အတွင်း သစ်ပင်စုစုပေါင်း ၃၄၉၅၀ ကို စုပေါင်းစိုက်ပျိုးပေးခဲ့သည်။ သစ်ပင်စုပေါင်းစိုက်ပျိုးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိတ္ထီလာခရိုင် လိန်တောကြိုးပြင် ကာကွယ်တော၌ ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတွင် တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ယခုကဲ့သို့ အညာဒေသ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကို နိုင်ငံတော်အဆင့်ဆောင်ရွက်သည်မှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ကောင်းမွန်သည့် ဆောင်ရွက်ချက်ပင်ဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ အညာဒေသ (၁၃)ခရိုင်သည် ပူပြင်းသော ရာသီဥတုရှိသည့်ဒေသများဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း အပူဒဏ်ကို ဆိုးဆိုးရွားရွားခံစားကြရသည်။ ၂၀၂၄ ခုနှစ်တွင် ပုဂံ၊ ချောက်၊ ရေနံချောင်း၊ မင်းဘူး စသည့်ဒေသများသည် ကမ္ဘာပေါ်တွင် အပူဆုံးဒေသများအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ရာသီဥတုပူပြင်းသည့်ကာလတွင် ပူပြင်းခြောက်သွေ့မှု၊ မိုးခေါင်ရေရှားမှုကြောင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုပျက်စီးပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အခက်အခဲများ ကြုံတွေ့ကြရသည်။ ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကြောင့် အပူရှိန်လွန်ကဲခြင်း၊ မိုးခေါင်ခြင်းတို့အပါအဝင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို ကြုံတွေ့လာကြရသည်။ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရှောင်လွှဲ၍မရနိုင်သော်လည်း လူတို့၏ ကြိုတင်ကာကွယ်မှုများ၊ ပြုပြင်စီမံဖန်တီးဆောင်ရွက်မှုများဖြင့် လျော့ပါးသက်သာအောင် ဆောင်ရွက်နိုင်သည်။

ယခုကဲ့သို့ နိုင်ငံတစ်ဝန်း၌ သစ်ပင်များ စိုက်ပျိုးပေးခြင်းကြောင့် အပူချိန်မှာ ချက်ချင်းလျော့ပါးသွားမည်မဟုတ်သော်လည်း အချိန်ကာလ အတိုင်းအတာတစ်ခုတွင် သစ်ပင်များကြီးထွားရှင်သန်ဖွံ့ဖြိုးပြီး သစ်ရိပ်ဝါးရိပ်များ၏ အရိပ်အာဝါသများကြောင့် အပူဒဏ်လျော့ပါးသက်သာသွားမည်မှာ သေချာသည်။ စိမ်းလန်းစိုပြည်နေသော သစ်ပင်များ၏ မြင်ကွင်းများကို တွေ့မြင်ကြရသည့်အခါ လူတို့အနေဖြင့် မျက်စိပသာဒကို ဖြစ်ပေါ်စေပြီး စိတ်နှလုံးအေးချမ်းမှု အကျိုးကျေးဇူးကို ရရှိနိုင်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်း၌ သစ်ပင်စိုက်ပျိုးပွဲများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း စဉ်ဆက်မပြတ်စိုက်ပျိုးပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။

ယခင်ကာလများကလည်း (၉)ခရိုင်စိမ်းလန်းစိုပြည်ရေး၊ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းများကို ပြုလုပ်ခဲ့သော်လည်း ကမ္ဘာလုံးဆိုင်ရာ အပူချိန်မြင့်တက်မှုကို မလွန်ဆန်နိုင်ခြင်း၊ ရှင်သန်မှုအားနည်းခြင်း၊ ဒေသအခြေအနေအရ သစ်ပင်များကို တရားမဝင်ခုတ်လှဲခြင်းတို့ကြောင့် ထိုက်သင့်သည့် ရှင်သန်ဖွံ့ဖြိုးမှုများဖြစ်မလာဘဲ ပူပြင်းသည့်ဒဏ်ကို ဆက်လက်ခံစားနေကြရသည်။ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းသည် အရင်းအနှီးများသော်လည်း စိုက်ပျိုးသည့်အပင်များ "တစ်ပင်စိုက်၊ တစ်ပင်ရှင်" စနစ်တကျ စိုက်ပျိုးထိန်းသိမ်းသွားခြင်းအားဖြင့် (၁၃)ခရိုင် စိမ်းလန်းစိုပြည်ပြီး အပူဒဏ်လျော့နည်းကျဆင်းသွားမည်မှာသေချာသည်။ စိုက်ပျိုးထားသည့် အပင်များအားလုံး ရှင်သန်စေရေးအတွက် တာဝန်ရှိသူများက စေတနာအပြည့်အဝဖြင့် စနစ်တကျ ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှု ကျဆင်းလာခြင်းကြောင့် ယခုအခါ သစ်တောဧရိယာ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းခန့်သာကျန်ရှိသည်။ တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းမှု ဧရိယာ ၅၀ ရာခိုင်နှုန်း ပြန်လည်ရရှိစေရန်အတွက် ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ ယခုစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးကို လက်ငင်းမရနိုင်သော်လည်း နောင်ဆယ်စုနှစ်တစ်ခုအတွင်း အကျိုးခံစားနိုင်မည်ဖြစ်သည်။ ယခုအခါတွင် ယခင်က စိုက်ပျိုးထိန်းသိမ်းခဲ့ခြင်းကြောင့် သစ်ကြီးဝါးကြီး အရိပ်အာဝါသများကို ခံစားကြရသလို မိမိတို့အနေဖြင့်လည်း နောင်လာမည့် သားစဉ်မြေးဆက်ကို မိမိတို့ကဲ့သို့ ခံစားစေလိုသည့် စိတ်စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အပူပိုင်းဒေသ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးကို နိုင်ငံတော်အစိုးရက အရှည်မြော်တွေး၍ ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးနေသလို နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများကလည်း "တစ်အိမ်လျှင်တစ်ပင်" စိုက်ပျိုးကြမည်ဆိုပါက သစ်ပင်များ ရှင်သန်ဖြစ်ထွန်းပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း။ ။

## နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဇူလိုင် ၁၂

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သီတင်းသုံး နေထိုင်တော်မူကြသည့် သံဃာတော်များအား ဝါတွင်းကာလ အတွင်း ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် အခြားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွှေချီရပ် ဓမ္မာစရိယပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များ၊ စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် အခြားလှူဖွယ်ပစ္စည်းများ သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သံလွင်မြစ်ရေ ဘားအံမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၂

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ချင်းတွင်းမြစ်နှင့် စစ်တောင်းမြစ်ကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုနေထိုင်ပါရန်နှင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၁၂

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့တစ်ပေကျော် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ် အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် မုံရွာမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ၁၂ - ၇ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၉၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

☆ ရွှေဖုံးမှ

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရေဆင်းဆည်အတွင်းသို့ ငါးမျိုးများအား ဦးဆောင်စိုက်ထည့်ပေးကြသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများက ငါးမျိုးများကို ရေဆင်းဆည်အတွင်း စိုက်ထည့်ပေးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ ငါးမျိုးစိုက်ထည့်ပေးနေမှုအား လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနားတွင် နှစ်လက်မအရွယ် ရွှေဝါငါးကြင်းကောင်ရေ ၅၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၄၅၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးမျိုးကောင်ရေ ၁၀၀၀၀၀ ကို စိုက်ထည့်ပေးနိုင်ခဲ့ပြီး ရေဆင်းဆည်အတွင်းသို့ ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဩဂုတ်လအထိ ၁၀ ကြိမ်နှင့် ယခုအကြိမ်အပါအဝင် ၁၁ ကြိမ်တွင် စုစုပေါင်း ငါးမျိုးကောင်ရေ ၈၈၅၇၀၀ ကို ငါးမျိုးများ စိုက်ထည့်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရေဆင်းဆည်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးစဉ်။

❂ **ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားတွင် နှစ်လက်မအရွယ် ရွှေဝါငါးကြင်းကောင်ရေ ၅၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၄၅၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးမျိုးကောင်ရေ ၁၀၀၀၀၀ ကို စိုက်ထည့်ပေးနိုင်ခဲ့ပြီး ရေဆင်းဆည်အတွင်းသို့ ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဩဂုတ်လအထိ ၁၀ ကြိမ်နှင့် ယခုအကြိမ်အပါအဝင် ၁၁ ကြိမ်တွင် စုစုပေါင်း ငါးမျိုးကောင်ရေ ၈၈၅၇၀၀ ကို ငါးမျိုးများ စိုက်ထည့်ပေးနိုင်ခဲ့**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများက ငါးမျိုးများကို ရေဆင်းဆည်အတွင်း စိုက်ထည့်ပေးကြစဉ်။



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနား ကျင်းပစဉ်။



ဥပဒေရေးရာဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနား ကျင်းပစဉ်။

# ဝန်ကြီးဌာနအသီးသီး၌ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲများ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

ငါး မျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ ပေါများလာစေရေးနှင့် ငါးမျိုးစိတ်များစွာ ပိုမိုပေါက်ပွားလာစေရေးတို့အတွက် ရည်ရွယ်၍ ငါးမျိုးစိတ် စိုက်ထည့်ခြင်းများကို နှစ်စဉ် ပြုလုပ်လျက်ရှိသည်။

နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီး၏ ငါးမျိုးစိုက်ထည့်ပွဲများကို ဇူလိုင် ၁၂ ရက်တွင် သတ်မှတ်နေရာများ၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲကို ရုံးရှေ့ရှိ လျှိုပိတ်ဆည်တွင် ကျင်းပခဲ့ပြီး ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကိုလည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲကို နေပြည်တော် ရုံးအမှတ်(၂၅)၏ရှေ့ အဝင်လမ်းပရိဝုဏ်အတွင်းရှိ လျှိုပိတ်ဆည်တွင် ကျင်းပခဲ့ပြီး ငါးသားပေါက်ကောင်ရေ ၁၈၀၀ ကို လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ မာလိနီရေကန်တွင် ကျင်းပခဲ့ပြီး ငါးသားပေါက်ကောင်ရေ ၁၀၀၀ ကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲကို နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအနီး ပေါင်းလောင်းချောင်းတွင် ကျင်းပခဲ့ပြီး နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၂၀၀၀၀ ကို လည်းကောင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲကို ဝန်ကြီးဌာနရှိ လျှိုပိတ်ဆည်တွင် ကျင်းပခဲ့ပြီး ငါးမြစ်ချင်းကောင်ရေ ၃၀၀၀ ကို လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ငါးမျိုး စိုက်ထည့်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီရုံး အနောက်ဘက်ရှိ ငလိုက် ရာဘာရေလှောင်ဆည်တွင် ကျင်းပခဲ့ပြီး ငါးခုံးမနှင့်ငါးမြစ်ချင်း ငါးသားပေါက် ကောင်ရေ ၂၀၀၀ ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲကို ဝန်ကြီးဌာနရှိ ရေကန်တွင် ကျင်းပခဲ့ပြီး ငါးမြစ်ချင်းကောင်ရေ ၁၀၀၀ ကို လည်းကောင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနား ကျင်းပစဉ်။

# ပိုးသတ်ဆေးဥပဒေအကြောင်းသိကောင်းစရာနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းအန္တရာယ် လျှော့ချသည့်နည်းလမ်းများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၂**

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများနှင့် တောင်သူများ စဉ်ဆက်မပြတ် ထိတွေ့အဖြေရှာနိုင်ကြစေရန် အပတ်စဉ် စနေနေ့တိုင်း ကျင်းပလျက်ရှိသည့် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက (၇၅)ကြိမ်မြောက်အဖြစ် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိစိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း AERDTC ခန်းမ၌ ကျင်းပရာ သက်ဆိုင်ရာပညာရှင်များက ပိုးသတ်ဆေးဥပဒေအကြောင်းသိကောင်းစရာနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းအန္တရာယ် လျှော့ချသည့် နည်းလမ်းများ ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။



အဆိုပါ တောင်သူနည်းပညာဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် က ပိုးသတ်ဆေးသုံးစွဲသူများ ဘေးအန္တရာယ် ကင်းရှင်းရန်၊ စားသုံးသူများနှင့် သဘာဝပတ်ဝန်းကျင်ဘေးအန္တရာယ် ကင်းရှင်းရန်နှင့် တောင်သူများ ပိုးသတ်ဆေးသုံးစွဲရာတွင် အရည်အသွေးစစ်မှန်ပြီး အကျိုးအာနိသင် ထိရောက်မှုရှိစေရန် ရေးဆွဲအတည်ပြုပြဋ္ဌာန်းထားသည့် ပိုးသတ်ဆေးဥပဒေဆိုင်ရာ သိသင့်သိထိုက်သည်များ၊ ပိုးသတ်ဆေးဓာတ်ကြွင်းအန္တရာယ် လျှော့ချရေးနည်းလမ်းများကို ကျွမ်းကျင်သူပညာရှင်များက ဆွေးနွေးပို့ချသွားကြမည်ဖြစ်ရာ တက်ရောက်လာကြသည့် တောင်သူများအနေဖြင့် ဆွေးနွေးပို့ချမှုများကို နားထောင်ရုံမျှမက မိမိတို့၏ အတွေ့အကြုံ ဗဟုသုတများကို ပြန်လည်မျှဝေပေးကြစေလိုကြောင်း၊ မိမိတို့၏ စိုက်ပျိုးထုတ်ကုန်များ ပြည်ပဈေးကွက်ရရှိရေးအတွက် ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင် ပါဝင်မှုသည် အထူးအရေးကြီးပါကြောင်း၊ တောင်သူကြီးများ၏ အသိပညာ၊ ဗဟုသုတကြွယ်ဝမှုနှင့် စနစ်တကျလိုက်နာကျင့်သုံးမှု တိုးတက်မြင့်မားလာသည်နှင့်အမျှ စီးပွားရေးအရ နစ်နာဆုံးရှုံးမှုကို လျှော့ချနိုင်မည်ဖြစ်ပါ၍ ဝိုင်းဝန်းကြိုးပမ်းပေးကြရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆိုင်းရော်က ပိုးသတ်ဆေးဥပဒေ ပြဋ္ဌာန်းခြင်း၊ ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပိုးသတ်ဆေးဥပဒေကို အသစ်ပြင်ဆင်ရေးဆွဲရသည့် အကြောင်းရင်းများနှင့် လုပ်ထုံးလုပ်နည်းများ၊ ယခင်ဥပဒေနှင့် ကွာခြားချက်များ၊ ပိုးသတ်ဆေးဥပဒေအသစ်၏ အားသာချက်၊ ရည်ရွယ်ချက်များ၊ ပိုးသတ်ဆေး နည်းပညာကော်မတီနှင့် ပိုးသတ်ဆေးမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များ၊ (၄၅) ကြိမ်မြောက် ပိုးသတ်ဆေးမှတ်ပုံတင် အစည်းအဝေးအထိ မှတ်ပုံတင်ခွင့်ပြုသည့် ပိုးသတ်ဆေးအမျိုးအစားများကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်ဝေနိုင်က ပိုးသတ်ဆေးသမိုင်းကြောင်း၊ DDT ဒြပ်ပေါင်း၏ ပိုးသတ်ဆေးအာနိသင်ရှိမှုကို ရှာဖွေတွေ့ရှိခြင်း၊ DDT ပိုးသတ်ဆေးကို အသုံးပြုခြင်း(၁၉၄၀-၁၉၅၀)၊ ပိုးသတ်ဆေးကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများ၊ ပိုးသတ်ဆေးဓာတ်ကြွင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ပိုးသတ်ဆေးဓာတ်ကြွင်းပြဿနာများ၊ ပိုးသတ်ဆေးဓာတ်ကြွင်း လျှော့ချသည့် နည်းလမ်းများကိုလည်းကောင်း ဆွေးနွေးပို့ချကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပညာရှင်များနှင့် သုတေသီများ၊ ဒက္ခိဏသီရိ၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိ၊ လယ်ဝေးနှင့် တပ်ကုန်းမြို့နယ်တို့မှ တောင်သူများ တက်ရောက်ကြပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ဒေသအသီးသီးမှ ပညာရှင်နှင့် တောင်သူ ၁၉၆ ဦးတို့က zoon point ၁၀၀ မှတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးလျှောင်ကြီးကြောင့် လျှောင်ဘေးဒဏ်သင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လာရောက်လှူဒါန်း

မန္တလေး ဇူလိုင် ၁၂

အင်အားပြင်း မန္တလေးလျှောင်ကြီးကြောင့် လျှောင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင် ပြည်သူများက အလှူငွေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လှူဒါန်းလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် အလှူရှင်များဖြစ်သည့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr.Imran Haider နှင့် အဖွဲ့ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ၍ မန္တလေးလျှောင်ကြီးကြောင့် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လှူဒါန်းရသည့် ရည်ရွယ်ချက်များကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာပါကစ္စတန်သံအမတ်ကြီး H.E. Mr.Imran Haider နှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လျှောင်ဘေးသင့်ပြည်သူများအတွက် လှူဒါန်းသောလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းစားနပ်ရိက္ခာများဖြစ်သည့် ဆန်ကီလိုဂရမ် ၁၀၀၀၀ နှင့် အသင့်စားခေါက်ဆွဲထုပ်အရေအတွက် ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က လက်ခံ၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# ပြည်တွင်း၌ တည်ထောင်ပြီး စက်မှုဇုန်များတွင် စက်မှုလုပ်ငန်းပေါင်း ၈၀၃၅ ခုရှိပြီး လုပ်သားပေါင်း ၅၅၆၀၀၉ ဦးခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၂

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီမှ ကျင်းပသည့် စက်မှုဇုန် ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီး(အေးသာယာ) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး၌ ကျင်းပသည်။



## တက်ရောက်

အခမ်းအနားသို့ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ရှမ်းပြည်နယ် စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တောင်ကြီး (အေးသာယာ)စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက ပြည်တွင်း၌ တည်ထောင်ပြီး စက်မှုဇုန် ၂၈ ဇုန်၊ စက်မှုရပ်ကွက် ငါးခုနှင့် ဆောင်ရွက်ဆဲ စက်မှုဇုန် စီမံကိန်း နှစ်ခုရှိကြောင်း၊ တည်ထောင်ပြီး စက်မှုဇုန်များတွင် အငယ်စား၊ အလတ်စားနှင့် အကြီးစား စက်မှုလုပ်ငန်းပေါင်း ၈၀၃၅ ခုရှိပြီး လုပ်သားပေါင်း ၅၅၆၀၀၉ဦးခန့်ကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိကြောင်း၊ တည်ထောင်ပြီးဖြစ်သည့် စက်မှုဇုန်များနှင့် စက်မှုဇုန်အသစ်များကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စက်မှုဇုန်ဥပဒေကို ၂၀၂၀ ပြည့်နှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း။

စက်မှုဇုန် နည်းဥပဒေများကိုလည်း ၂၀၂၄ ခုနှစ်တွင် အတည်ပြုထုတ်ပြန်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ ပြည်ပပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးစက်မှုထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်း စက်မှုဇုန်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသဖြင့် တည်ထောင်ပြီး စက်မှုဇုန်များကို စနစ်တကျ ဖွံ့ဖြိုး တိုးတက်လာရေးအတွက် ဝိုင်းဝန်းအားပေး မြှင့်တင်ခြင်းနှင့် ကြပ်မတ်ထိန်းကျောင်းခြင်းတို့ကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

## လှည့်လည်အားပေး

ဆက်လက်၍ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီးက ပြည်နယ်အတွင်းရှိ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းဆွေးနွေးပြီး ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက ခင်းကျင်းပြထားသည့် MSME ထုတ်ကုန်ပစ္စည်းများကို လှည့်လည်အားပေးကြည့်ရှုသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ လည်းကောင်း၊ တောင်ကြီး(အေးသာယာ) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ အဖွဲ့ဝင်က စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြင်ဦးလွင်မြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းသင်တန်း ဒုတိယအကြိမ် ဖွင့်လှစ်

ပြင်ဦးလွင် ဇူလိုင် ၁၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်း ဒုတိယအကြိမ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မြေတိုင်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဦးသန်းအောင်ကျော်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးဆန်းက မဲပေးစက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်းကို ဇူလိုင် ၁၀ ရက်မှ ၃၀ ရက်အထိ သင်တန်းနည်းပြဆရာများက အီလက်ထရောနစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ၊ အီလက်ထရောနစ်မဲပေးစက်များ စစ်ဆေးခြင်း၊ ရွေးကောက်ပွဲနေ့ မတိုင်မီ မဲရုံတွင် မဲပေးစက်များ ကြိုတင်ပြင်ဆင်ခြင်းနှင့် စမ်းသပ်ခြင်း၊ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် စမ်းသပ်မဲပေးခြင်း၊ မဲပေးချိန်တွင် မဲပေးစက်များ ကိုင်တွယ်ခြင်း၊ အရန်စက်လဲလှယ်ရန်အခြေအနေ၊ မဲရေတွက်ခြင်း၊ မဲပေးနေစဉ်အတွင်း အရေးပေါ်ကိစ္စရပ်များ ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဆန္ဒမဲဖြတ်ပိုင်းများ ရေတွက်ရမည့် အခြေအနေ စသည့်အကြောင်းအရာများကို စာတွေ့လက်တွေ့ စနစ်တကျသင်ကြားပို့ချမည်ဖြစ်ရာ သင်တန်းတစ်ကြိမ်လျှင် သင်တန်းသား ၈၄ ဦး၊ သင်တန်း ၁၀ ကြိမ် စုစုပေါင်း သင်တန်းသား ၈၄၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





# ဖျာပုံမြို့၌ ကျောင်းစာကြည့်တိုက်သင်တန်း(ခရိုင်အဆင့်)ဖွင့်ပွဲအခမ်းအနား ကျင်းပ

ဖျာပုံ ဇူလိုင် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ ကျောင်းစာကြည့်တိုက်သင်တန်း (ခရိုင်အဆင့်)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဖျာပုံမြို့ အထက(၃) မြမဉ္ဇူခန်းမ၌ ကျင်းပသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးဝင်းအောင်၊ တိုင်းစာကြည့်တိုက်တာဝန်ခံ ဦးထွန်းထွန်းတို့က စာကြည့်တိုက်ပညာ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းပို့ချမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျောင်းစာကြည့်တိုက်သင်တန်း(ခရိုင်အဆင့်)သို့ ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဘိုကလေးမြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူ ၁၅၁ ဦး တက်ရောက်ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စမ်းစမ်းအေးနှင့် စီမံကိန်းစာရင်းဝင်ကျောင်းများမှ ဆရာ ဆရာမ ခြောက်ဦးတို့က စာကြည့်တိုက်ဆိုင်ရာ စီမံခန့်ခွဲနည်း၊ စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ မျိုးတူစုခွဲနည်း၊ လက်တွေ့စာအုပ်များ အမျိုးအစားခွဲခြင်း၊ စာအုပ်စာစောင်စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း စသည့် သင်ခန်းစာများကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# သဘာဝဘေးအန္တရာယ်ကျော်လွှားဖို့ သစ်ပင်စိုက်ပျိုးကြပါစို့

ထက်ဝေအောင်(စစ်ကိုင်း)



စစ်ကိုင်းမြို့ စစ်ကိုင်းပညာရေးတက္ကသိုလ်ဝင်းအတွင်း၌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

ယခုအခါ သဘာဝဘေးအန္တရာယ် အသွယ်သွယ်သည် လူတို့နေထိုင်ရာ ကမ္ဘာမြေကြီးကို ကြိမ်ဖန်များစွာရန်စတိုက်ခိုက်နေပြီဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ဖြင့် ရန်စတိုက်ခိုက်မှုအန္တရာယ်အသွယ်သွယ်ကို နည်းလမ်းမျိုးစုံကျင့်သုံး၍ ကာကွယ်ကြရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးကျင့်စဉ်တစ်ခုဖြစ်သည့် သစ်ပင်စိုက်ပျိုးခြင်းဓလေ့ ရှင်သန်ဖြစ်ထွန်းရန်လိုပေသည်။ သစ်ပင်စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်း၊ အရိပ်အာဝါသရရှိခြင်း စသည့် အကျိုးကျေးဇူးများရရှိစေသည်။ ထို့ပြင် သစ်ပင်သည် လေကိုသန့်စင်စေသည့် အလုပ်ကို တာဝန်ကျေစွာလုပ်ဆောင်နိုင်စွမ်းရှိသည်။ လေထုညစ်ညမ်းမှုပြဿနာကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းပေးနိုင်ပေသည်။ သစ်ပင်များ အလွန်အကျွံခုတ်လှဲမှုကို ကုစားသည့်အနေဖြင့် လျော့နည်းလာသည့် သစ်ပင်များနေရာတွင် အစားထိုးပြန်လည်ဖြည့်တင်းကြရမည်ဖြစ်သည်။

**လေထုညစ်ညမ်းမှုပြဿနာကို ကာကွယ်**

ကမ္ဘာ့နိုင်ငံအသီးသီးသည် လေထုညစ်ညမ်းမှုပြဿနာကို ကာကွယ်ရန် နည်းလမ်းမျိုးစုံ အသုံးပြုလာခဲ့ကြသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ လျှော့ချရေး အစီအစဉ်များလည်း တစိုက်မတ်မတ်ကြိုးစားမှုအဖြစ် သစ်တောပြုန်းတီးမှုပြဿနာကို အဖြေရှာဖွေလျက် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်များ ဖြည့်တင်းနိုင်ရေး အားထုတ်လျက်ရှိပေသည်။ သစ်တောများကို ကမ္ဘာကြီး၏ အဆုတ်ဟု တင်စားထားသဖြင့်သစ်တော သစ်ပင်များကို လိုအပ်သည်ထက် ပိုမို မထုတ်ယူကြရန်နှင့် ဆုံးရှုံးသွားသော သစ်တောများ၊ သစ်ပင်များကို ပြန်လည် အစားထိုးစိုက်ပျိုးသွားရန် လိုအပ်သည်။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းမက နားခိုနိုင်သည့် စကားရပ်အတိုင်း သစ်တစ်ပင်၊ ဝါးတစ်ပင်၏တန်ဖိုးကို သိရှိမှသာ တန်ဖိုးထားနားလည်နိုင်မည်ဖြစ်သည်။ သစ်ပင်သည် မြေဆီလွှာဖြစ်တည်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေးအလုပ်ကို အကောင်းဆုံးလုပ်ဆောင်နိုင်စွမ်းရှိသဖြင့် သစ်ပင်များကို တန်ဖိုးထား စိုက်ပျိုးသွားကြရမည်ဖြစ်သည်။

သစ်ပင်များကို မြတ်နိုးတန်ဖိုးထား၍ စိုက်ပျိုးခြင်းသည် လောကကို အလှဆင်ခြင်းဖြစ်ပြီး သစ်ပင်၊ ဝါးပင်၊ ပန်းအလှပင်ဟူသမျှ မျက်စိပသာဒ လှပသည်သာမက စိတ်ကြည်နူးမှုကိုပါ ဖြစ်စေသည်။ ခြံဝင်းထဲတွင် သီးပင်၊ စားပင်များ စိုက်ပျိုးခြင်းဓလေ့သည် ကျေးလက်သာမက မြေဧရိယာကျယ်ဝန်းသူတိုင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်သည်။

ပျိုးပင်မြေချ အမြစ်ခိုင်လာသည့်အချိန်မှစ၍ သစ်ပင်တန်ဖိုးသိရှိခွင့်ရကြသည်။ ပန်းပင်စိုက်ပျိုးလျှင် ဘုရားပန်းကပ်လှူနိုင်ပြီး ခြံဝင်းအတွင်း ပန်းရနံ့တို့ မွှေးကြိုင်စေမည်ဖြစ်သည်။ အလားတူ သီးပင်စားပင် စိုက်ပျိုးခြင်းဖြင့်လည်း မီးဖိုချောင်ကုန်ကျစရိတ်ကို တစ်ဖက်တစ်လမ်းမှ ဖေးကူစွမ်းနိုင်ပေသည်။

**ရှင်သန်ဖြစ်ထွန်းရန်**
**အကောင်းဆုံးအချိန်ကာလဖြစ်**

မိုးတွင်းကာလသည် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းရန် အကောင်းဆုံး အချိန်ကာလဖြစ်ခြင်းကြောင့် မိုးရွာမြေစိုလျှင် မျိုးစေ့ချကြသည်။ အပင်ပေါက်လာသည့်ပျိုးပင်များကို ရှင်သန်အောင် ထိန်းသိမ်းရမည်ဖြစ်သည်။ အဆိုပါ သစ်ပင်လေးများ ရှင်သန်ရေးအတွက် မြေနေရာ ရွေးချယ်သတ်မှတ်ခြင်း၊ ပေါင်းမြက်ရှင်းခြင်း၊ မြေတောင်မြှောက်ခြင်း၊ စိုက်ပျိုးပြီးအပင်များ ရှင်သန်ရေး ပြုစုစောင့်ရှောက်ခြင်းများ ပြုလုပ်ရလေ့ရှိသည်။ သစ်ပင်များ ရှင်သန်ကြီးထွားမှုဖြစ်စဉ်တွင် အလင်းရောင်နှင့် ရေသည်အဓိကကျသည်။ လောင်းရိပ်ကျသော အပင်များ၊ ချုံနွယ် ပင်တက်နေသော အပင်များသည် လွတ်လပ်စွာ ရှင်သန်ကြီးထွားခွင့်များ ဆုံးရှုံးရလေ့ရှိသည်။ ကိုင်းထွက်နေသော သစ်ကိုင်းများကို ခုတ်ထွင်ရမည်။ အလင်းဖွင့်ပေးရမည်။ ချုံနွယ်များကို ရှင်းလင်းပေးရမည်ဖြစ်သည်။ မြေဆီစိုခိုက် သစ်ပင်စိုက်ပျိုးခြင်းသည် သစ်ပင်များရှင်သန်ရန် အကောင်းဆုံးအချိန်ကာလ ဖြစ်ပေသည်။

နှစ်ရှည်ပင်စိုက်ပျိုးခြင်း လုပ်ငန်းသည် အရိပ်လည်းရ၊ လေကောင်းလေသန့်လည်းရရှိသဖြင့် အကျိုးရှိသော အလုပ်ဖြစ်ပါသည်။ သစ်ပင်စိုက်ပျိုးကြရာတွင် ပင်ကြားတန်းကြား မြေကျင်းစီစီရီရီ၊ ပျိုးပင်ညီညီနှင့် စိုက်ပျိုးကြရမည်ဖြစ်သည်။ သစ်ပင်စိုက်လျှင် စေတနာထည့်၍ စိုက်ပျိုးမှသာ ပိုမိုကောင်းမွန်သည်။ ယေဘုယျအားဖြင့် စိုက်သမျှအပင် ရှင်သန်နိုင်ခြင်းက မသေချာလှပေ။ ရှင်သမျှအပင်များကို ပြုစုပျိုးထောင်ရင်း အနာဂတ်ဘဝလှပရေး သစ်ပင်စိုက်ပျိုးရေးပွဲတော်များ ဆက်လက်ကျင်းပကြရပါမည်။

သာမန်အားဖြင့် သစ်ပင်စိုက်ပျိုးခြင်းက လွယ်ကူပေသည်။ သို့သော်သစ်ပင်စိုက်ပြီးနောက် ရှင်သန်ကြီးထွားရေးအပိုင်း၊ ထိန်းသိမ်းစောင့်ရှောက်ရေးအပိုင်းများ ဆက်လက်လုပ်ဆောင်ရန် လိုအပ်သည်။ သစ်တစ်ပင်စိုက် တစ်ပင်ရှင်သန်ရေးအတွက် စိုက်ပျိုးမည့်အပင်နှင့် မြေနေရာရွေးချယ်မှုအပိုင်း အလေးထားကြရပါသည်။ သစ်ပင်တစ်ပင်ကို လွယ်လင့်တကူ မခုတ်ယူသင့်သကဲ့သို့ မစိုက်ပျိုးမီကပင် ရေရှည်မြော်တွေး စိုက်ပျိုးရမည်ဖြစ်သည်။ အကွာအဝေးနှင့် အတန်းညီညီ၊ အပင်အမျိုးအစားတူတူ စိုက်ပျိုးမှသာ ရေရှည်တည်တံ့လှပသည့် သစ်ပင်အုပ်၊ သစ်တောအုပ်များ ဖြစ်ပေါ်လာမည်ဖြစ်သည်။

**ရည်ရွယ်ချက်များစွာရှိ**

သစ်ပင်စိုက်ပျိုးရသည့် ရည်ရွယ်ချက်များစွာရှိသည်။ သစ်ပင်စိုက်ပျိုးခြင်းမှတစ်ဆင့် ရာသီဥတုကောင်းမွန်ရေးအတွက် အထောက်အကူဖြစ်စေသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အကျိုးပြုခြင်း၊ ဂေဟစနစ်များကို ပိုမိုကောင်းမွန်စေခြင်းတို့ကို ဖြစ်စေသည်။ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကောင်းစွာအန်တုနိုင်သည်။ လေထုအတွင်း တည်ရှိနေသည့် ကာဗွန်ဒိုင်အောက်ဆိုက်များကို စုပ်ယူပြီးနောက် လူနှင့်သက်ရှိတိရစ္ဆာန်များကို အကျိုးပြုစေမည့် အောက်ဆီဂျင်ကို ပြန်လည်ထုတ်ပေးနိုင်စွမ်းရှိသည့်အပြင် သဘာဝဘေးအန္တရာယ်မှ အကာအကွယ်ပေးခြင်း၊ လေကောင်းလေသန့်ထုတ်လုပ်ပေးခြင်း၊ အေးမြသည့်အရိပ်များ ဖန်တီးပေးခြင်းနှင့် ထင်းအဖြစ်သုံးစွဲနိုင်ခြင်းဖြင့် လူသားတို့အတွက် အကျိုးပြုနိုင်စွမ်းရှိပေသည်။ သို့သော် လောင်စာအတွက် သစ်ပင်များကို အဆမတန်ခုတ်လှဲခြင်း၊ ပရိဘောဂနှင့် အိမ်ဆောက်ပစ္စည်း အသုံးပြုရန်အတွက် သစ်ပင်များကို အလုံးအရင်းခုတ်လှဲခြင်းများကို ထိန်းညှိဆောင်ရွက်ကြရပေမည်။

> **သစ်တောဖုံးလွှမ်းမှု ပြန်လည်အားကောင်းလာစေရေး သစ်တော စိုက်ကွင်း၊ စိုက်ခင်းများ အစားထိုးဖော်ဆောင်ခြင်းသာ အကောင်းဆုံးကုစားမှုတစ်ခုဖြစ်သည်။ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များသည် ဇူလိုင်လ၏ မိုးဖွဲများအောက် မြေပြင်ခြင်း၊ ကျင်းတူးခြင်းများနှင့် သစ်ပင်စိုက်ပျိုးခြင်းများကို တစ်တပ်တစ်အား ပြုလုပ်လျက်ရှိသည်။ ပူပြင်းခြောက်သွေ့သောအခြေအနေမှ စိမ်းလန်းသောကမ္ဘာတစ်ခုဖြစ်ပေါ်ရေး သစ်ပင်စိုက်ပျိုးနိုင်စွမ်းအားဖြင့် မြှင့်တင်ကြရမည်**

မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှု ကျဆင်းလာခြင်းကြောင့် ယခုအခါ သစ်တောဧရိယာ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းခန့်သာကျန်ရှိသည်။ ယခုအခါ တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းမှု ဧရိယာ ၅၀ ရာခိုင်နှုန်း ပြန်လည်ရရှိစေရန်အတွက် အပူပိုင်းဒေသ (၁၃)ခရိုင်အတွင်း သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ ယခုစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးကို လက်ငင်းမရနိုင်သော်လည်း နောင်ဆယ်စုနှစ်တစ်ခုအတွင်း အကျိုးခံစားနိုင်မည်ဖြစ်သည်။ ယခုအခါတွင် ယခင်က စိုက်ပျိုးထိန်းသိမ်းခဲ့ခြင်းကြောင့် သစ်ကြီးဝါးကြီး အရိပ်အာဝါသများကို ခံစားကြရသလို မိမိတို့အနေဖြင့်လည်း နောင်လာမည့် သားစဉ်မြေးဆက်ကို မိမိတို့ကဲ့သို့ ခံစားစေလိုသည့် စိတ်စေတနာအပြည့်ဖြင့် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

**သစ်တော စိုက်ကွင်း၊ စိုက်ခင်းများ**
**အစားထိုးဖော်ဆောင်**

သစ်ပင်မှရရှိနိုင်သည့် အကျိုးကျေးဇူးများကို တန်ဖိုးသတ်မှတ်ရန် ခက်ခဲလှပါသည်။ အဓိကအားဖြင့် ရာသီဥတုကို ထိန်းညှိပေးနိုင်သည့် လုပ်ဆောင်ချက်ကြောင့် သစ်ပင်စိုက်ပျိုးခြင်းကို လူတိုင်းအားဖြည့်ပါဝင်ကူညီသင့်သည်။ သစ်တောဖုံးလွှမ်းမှု ပြန်လည်အားကောင်းလာစေရေး သစ်တောစိုက်ကွင်း၊ စိုက်ခင်းများ အစားထိုးဖော်ဆောင်ခြင်းသာ အကောင်းဆုံး ကုစားမှုတစ်ခုဖြစ်သည်။ သစ်ပင်စိုက်ပျိုးပွဲများတွင်လည်း ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊စိန်ပန်း၊ ကံ့ကော်၊ ပိတောက်၊ ခရေ၊ငုဝါကဲ့သို့ရတနာတန်းဝင်အပင်များနှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးကြသည်ကို တွေ့ရှိရသည်။ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များသည် ဇူလိုင်လ၏ မိုးဖွဲများအောက် မြေပြင်ခြင်း၊ ကျင်းတူးခြင်းများနှင့် သစ်ပင်စိုက်ပျိုးခြင်းများကို တစ်တပ်တစ်အား ပြုလုပ်လျက်ရှိသည်။ ပူပြင်းခြောက်သွေ့သောအခြေအနေမှ စိမ်းလန်းသောကမ္ဘာတစ်ခုဖြစ်ပေါ်ရေး သစ်ပင်စိုက်ပျိုးနိုင်စွမ်းအားဖြင့် မြှင့်တင်ကြရမည်ဖြစ်သည်။ သစ်တောအုပ်များဖြစ်ပေါ်ပါက သက်ရှိသက်မဲ့ အားလုံးအတွက် ပင်ပန်းဆင်းရဲခြင်းဒုက္ခမှ အထိုက်အလျောက်သက်သာစေမည်ဖြစ်သည်။ ယခုအချိန်တွင် ရှောင်လွှဲ၍မရသည့် သဘာဝဘေးအန္တရာယ်များမှ စွမ်းနိုင်သမျှ ကာကွယ်နိုင်ရန်အတွက် လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို အကျိုးပြုစေသော သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကို တစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့များအလိုက်သော်လည်းကောင်း ပါဝင်စိုက်ပျိုးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ကရင်ပြည်နယ်အတွင်း ပျိုးပင်ပေါင်း ၁၅၃၃၁၅ ပင် စိုက်ပျိုးပြီးစီး

ဘားအံ ဇူလိုင် ၁၂

ကရင်ပြည်နယ်အတွင်း ယခုနှစ်မိုးရာသီတွင် ပြည်နယ်သစ်တောဦးစီးဌာနက ပျိုးပင်ပေါင်း ၂၁၅၀၀၀ ဖြန့်ဝေစိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိရာ ယခုအခါ လူထုဖြန့်ဝေစိုက်ပျိုးခြင်းအပါအဝင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ခုနစ်ကြိမ်ဖြင့် ပျိုးပင်ပေါင်း ၁၅၃၃၁၅ ပင် ဖြန့်ဝေစိုက်ပျိုးပြီးဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် မြိုင်ကလေး အမှတ်(၂)ဘိလပ်မြေစက်ရုံ(တန် ၄၀၀၀) ၌ ကျင်းပသည့် ပြည်နယ်အဆင့် မိုးရာသီ (တတိယအကြိမ်)သစ်ပင်စိုက်ပျိုးပွဲမှ သိရသည်။



အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှတ်(၂)ဘိလပ်မြေစက်ရုံ (တန် ၄၀၀၀) စက်ရုံမှူးထံ ပျိုးပင်များပေးအပ်သည်။ ယင်းနောက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အမှတ်(၁)နှင့် အမှတ်(၂)ဘိလပ်မြေစက်ရုံမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ရေ၊ မြေ၊ ဒေသနှင့်ကိုက်ညီသော သစ်မျိုးများဖြစ်သည့် မအူ ၆၀၀၊ ပျဉ်းမ ၆၀၀ စုစုပေါင်းပျိုးပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မိုးစပါးအထူးဇုန်ဖြစ်သည့် ဘားအံမြို့နယ် မြိုင်ကလေးကျေးရွာ ကွင်းအမှတ်(၁၀၄၁) တောင်သူ ဦးစောထွန်းသန်း၏ မိုးစပါးအထွက်နှုန်းတိုးတက်ရေး နည်းပညာပေး စံပြစိုက်ခင်း သုံးဧက၌ ကောက်စိုက်သမများဖြင့် ဆင်းသုခမျိုးစပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြိုင်ကလေးရွာလေး ညောင်ပင်သာကျေးရွာရှိ တောင်သူ ဦးလှမျိုး၏ တစ်ပိုင်တစ်နိုင်ဒေသန္တရရွှေနီမွေးမြူရေးခြံကို သွားရောက်ကြည့်ရှုအားပေးပြီး တိုးချဲ့မွေးမြူနိုင်ရေး တာဝန်ရှိသူများအားမှာကြားကာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အခမဲ့ပေးအပ်သည့် တိရစ္ဆာန်သုံးဆေးဝါးများနှင့် အာဟာရဆားခဲများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် ဘားကပ်ကျေးရွာ ကွင်းအမှတ်(၁၀၀၉-ခ)ရှိ တောင်သူ ဦးမျိုးအောင်၏ မိုးစပါးမျိုးစေ့ထုတ် ငါးဧကစိုက်ခင်းအတွင်း ပျိုးနုတ်၊ ထွန်ယက်စိုက်ပျိုးနေမှု၊ စိုက်ပျိုးပြီး မိုးစပါးစိုက်ခင်းများတွင် သဘာဝမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာများ အချိုးကျရောနှောကြဲပက်ခြင်းတို့ကို ကြည့်ရှုအားပေးပြီး အီးအမ်ရည်များကို အခမဲ့ဖြန့်ဝေပေးအပ်သည်။

ဆက်လက်၍ ဘားအံမြို့အဝင် လမ်းနယ်တိုးချဲ့ခြင်းနှင့် မြေယာအလှပြုပြင်ခြင်းလုပ်ငန်းခွင်ကိုလည်းကောင်း၊ ဘားအံ-သံလွင်တံတားဖြတ်လမ်းကို တစ်ဖက်လျှင် အရှည် ၄၂၈ မီတာ၊ အကျယ် ၁ ဒသမ ၂၂ မီတာ ကွန်ကရစ်ခင်းခြင်းနှင့် လမ်းပခုံးခင်းခြင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ဥတ္တရသီရိမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်အနီး ပျဉ်းမနား-တောင်ညိုလမ်းဘေး ဝဲ၊ ယာ မြေကွက်လပ်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် တာဝန်ရှိသူများက ပျိုးပင်များကို တာဝန်ရှိသူများထံပေးအပ်၍ တက်ရောက်လာကြသူများနှင့်အတူ မဟော်ဂနီ၊ ငုပန်း၊ ခရေ၊ ကံ့ကော်နှင့် စိန်ပန်းစသည့်ပျိုးပင် ၃၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ် ဆင်လမ်းရေလှောင်တမံ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပြင်ဦးလွင် ဇူလိုင် ၁၂

မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကြီးမှူးကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် ဆင်လမ်းရေလှောင်တမံ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မန္တလေးတိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ တိုင်းဒေသကြီးဦးစီးမှူးများနှင့် ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ချယ်ရီပင် ၄၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# မြဝတီမြို့၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မြဝတီ ဇူလိုင် ၁၂

မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားကုန်တင်၊ ကုန်ချပတ်လမ်းတစ်လျှောက်တွင် ယနေ့နံနက် ၇ နာရီတွင် ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပသည်။

### ပျိုးပင်များစုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် နယ်မြေခံတပ်မှ တပ်မှူး၊ မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ပျိုးပင်များကို ဦးဆောင်စိုက်ပျိုးခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်၊ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စိုးတင့်၊ ခရိုင်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများက သတ်မှတ်နေရာများတွင် ပျိုးပင်များစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ခရိုင်သစ်တောဦးစီးဌာနက စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး တက်ရောက်လာသူများက ပျိုးပင်ပေါင်း ၅၀၅ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မင်းတုန်းမြို့နယ်၌ ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးရေး ကော်ဖီပျိုးပင်များထောက်ပံ့



မင်းတုန်း ဇူလိုင် ၁၂

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်တွင်ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးရေးအတွက် ကော်ဖီပျိုးပင်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်သန်းစိန်က ကော်ဖီပျိုးပင်ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးအတွက် ဝက်ကော်ကျေးရွာအုပ်စုရှိ ကော်ဖီစိုက်ပျိုးမည့်တောင်သူများအား ကော်ဖီပျိုးပင် ၅၀၀၀၀ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆီဆိုင်မြို့နယ် ထီမန့်ကျေးရွာ၌ ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲ ကျင်းပ

ဆီဆိုင် ဇူလိုင် ၁၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ထီမန့်ကျေးရွာတွင် ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာရှိ ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်ရန်က ကျေးရွာမြေငှားဂရန်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ထီမန့်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျေးရွာမြေငှားဂရန်လက်မှတ်များ ပေးအပ်သည်။

မြေငှားဂရန် ပေးအပ်ပွဲတွင် ဆီဆိုင်မြို့နယ် ထီမန့်ကျေးရွာရှိ ဒေသခံပြည်သူ နေအိမ် ၉၀ မှ အိမ်ထောင်စု ၉၀ စုအား ကျေးရွာမြေငှားဂရန် လက်မှတ်များကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



မုံရွာ ဇူလိုင် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ပိုင်းတွင် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက် နေမှုကို လိုက်လံကြည့်ရှုပြီး ကျောင်းစာကြည့်တိုက် အတွင်း သုတရသစာအုပ်/ စာစောင်များ စနစ်တကျ ထားရှိမှုများကို လိုက်လံကြည့်ရှုကာ ကျောင်းအုပ် ဆရာမကြီးထံ စာအုပ်/စာစောင်များ ဝယ်ယူရန်အတွက် ငွေကျပ် ၁၀ သိန်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ ဗန္ဓုလဈေးသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဈေးအဆောက်အအုံသစ် တည်ဆောက် ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီ အရည်အသွေး ကောင်းမွန်စွာဖြင့် တည်ဆောက်ပြီးစီးရေးနှင့် ဈေးရောင်းချသူများအတွက် သောက်သုံးရေ၊ လျှပ်စစ် သွယ်တန်းခြင်းလုပ်ငန်းများ စနစ်တကျရှိစေရေး၊ ဈေးပတ်ဝန်းကျင် အမြဲသန့်ရှင်းသပ်ရပ်အောင် ထားရှိရေးနှင့် ရေစီးရေလာကောင်းမွန်အောင် ရေနုတ်မြောင်းများ ထည့်သွင်းဆောင်ရွက်ရေး တို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ် သည်များ ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေး သည်။

ထို့နောက် အဆိုပါဈေးအဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှု လုပ်ငန်းအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ချောင်းဦးမြို့နယ်၌ ယာယီနေရပ်စွန့်ခွာသူများအား ထောက်ပံ့ငွေများပေးအပ်

ချောင်းဦး ဇူလိုင် ၁၂

စစ်ကိုင်းတိုင်း ဒေသကြီး ချောင်းဦးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းက ယာယီနေရပ် စွန့်ခွာသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

**ရင်းနှီးနွေးထွေးစွာ တွေ့ဆုံ**

မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဝေဖြိုးသာ၊ အတွင်းရေးမှူး ရဲမှူးမြင့်သောင်းတို့က ယာယီ



နေရပ် စွန့်ခွာသူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံ၍ ယာယီနေထိုင်ရေး၊ စားသောက် ရေးအတွက် လိုအပ်ချက်များ မေးမြန်းကာ ဖြည့်ဆည်းပေး သည်။ ထို့နောက် အမျိုးသား သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ (၂/၂၀၂၅)နှင့် (၃/၂၀၂၅) အတွက် ထောက်ပံ့သည့် ထောက်ပံ့ငွေကျပ် လေးသောင်းစီ ပေးအပ်သည်။

ယာယီနေရပ် စွန့်ခွာလာကြ သည့် ကင်မွန်းတော်ကျေးရွာ၊ ကံဇီးကျေးရွာတို့မှ ပြည်သူများ နှင့် ပင်လည်ဘူးမြို့နယ်မှ ကျန်းမာရေး ဝန်ထမ်းများ စုစုပေါင်းပြည်သူ ၅၀၂ ဦးအား တစ်ဦးလျှင် နှစ်လစာ ငွေကျပ် လေးသောင်းနှုန်း ထောက်ပံ့ပေးခဲ့ ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**



## ပုသိမ်ကြီးမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေး

ပုသိမ်ကြီး ဇူလိုင် ၁၂

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက အထက(ပုသိမ်ကြီး)၌ ဆောင်ရွက်ပေးသည်။

ဦးစွာ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေ နှင့်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းတို့ က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရေး လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး သည်။

ယနေ့ကွင်းဆင်းဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူ ၁၅၂ ဦးအား ပန်းခင်းစီမံချက်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင်၊ ကျောင်းအုပ်ကြီး ဦးမျိုးဇော်ခိုင်တို့က ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုက်လတ်မြို့နယ်၌ ဌာနများပူးပေါင်း၍ လူငယ်အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

ကျိုက်လတ် ဇူလိုင် ၁၂

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အားကစား နှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်း က ကျုံကလွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

**ခင်းကျင်းပြသ**

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရီရီမြင့်က စာဖတ်ခြင်း၏ အကျိုးကျေးဇူး၊ မူးယစ်ဆေးဝါးသုံးစွဲမှု၏ ဆိုးကျိုးများနှင့် လူကုန်ကူးမှုအကြောင်းသိကောင်းစရာများ၊ စားသုံးသူ ရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမိုးမင်းသန်းက စားသောက်ကုန်များ နှင့်ပတ်သက်၍ ဆိုးဆေးများ၊ တာရှည်ခံဆေးများ၏ ဆိုးကျိုးများ၊ သက်တမ်း လွန်စားသောက်ကုန်များ၏ အန္တရာယ်များအကြောင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြတ်နိုးသူက အားကစားနှင့် ကာယပညာ၊ လေ့ကျင့်ခန်းများအကြောင်းတို့ကို ဟောပြောခဲ့ကြသည်။



ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်း ပြသထားသည့် သုတ၊ ရသစာအုပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ် အကြောင်း၊ လူကုန်ကူးမှုအကြောင်းနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာအသိပညာပေး နံရံကပ်စာစောင်များကို ပြသပေးခဲ့ ကြောင်း သိရသည်။

**လှိုင်မင်းအောင်(ပြန်/ဆက်)**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအားဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံ ကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ကာယဆရာ၊ ဆရာမများ တင်းနစ်သင်ကြားရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်းဒေသကြီး လူငယ် ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစား နှင့် လူငယ်ရေးရာအထောက် အကူပြု လုပ်ငန်းကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကာယဆရာ ဆရာမများ တင်းနစ်သင်ကြားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ မင်္ဂလာ တောင်ညွန့်မြို့နယ် သိမ်ဖြူ တင်းနစ်ကွင်း၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင် ကျော်ဆန်းက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ် JTI Coordinator ဒေါ်ကြည်မြဖော်က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား ပြီး သင်တန်းသား သင်တန်းသူများ အား သိသင့်သော အခြေခံအချက် များကို ဒေါက်တာအောင်ကျော် ဆန်းက လက်တွေ့သရုပ်ပြသသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁၁ ရက်မှ ၁၄ ရက်အထိ သင်ကြားပို့ချ မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ တက်ရောက်ကြည့်ရှုအားပေး

**ပုသိမ် ဇူလိုင် ၁၂**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ် ဒုတိယနေ့ပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုအသင်းနှင့် နေပြည်တော်ကောင်စီနယ်မြေကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြိုင်ပွဲဝင်အသင်းများမှ ကွင်းအတွင်း နေရာယူမိတ်ဆက်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အားကစားသမားများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက် အားပေးသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အမျိုးသားအသင်းနှင့် နေပြည်တော်ကောင်စီနယ်မြေကိုယ်စားပြု အမျိုးသား ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

**ယှဉ်ပြိုင်ကစားလျက်ရှိ**

အဆိုပါပြိုင်ပွဲများအား ဘားအံ၊ တောင်ကြီး၊ ပုသိမ်၊ ပဲခူးနှင့် ရန်ကုန်မြို့တို့တွင် ဇုန်အလိုက်ကျင်းပလျက်ရှိပြီး ပုသိမ်ဇုန်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ရခိုင်ပြည်နယ် ကိုယ်စားပြုအသင်းများ ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# နမ့်စန်မြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၁၁ ရက် ညနေပိုင်းတွင် နမ့်စန်မြို့နယ် အားကစားကွင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲအဖွင့်ပွဲစဉ်ဖြစ်သည့် အခြေခံပညာအထက်တန်းကျောင်း (ခိုလမ်)နှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၅)ရပ်ကွက်(က)အသင်းတို့၏ ယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ကာယ၊ ဉာဏ ဖွံ့ဖြိုးတိုးတက်စေရေး၊ မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာလာစေရန်၊ နိုင်ငံတော်အတွက် အားကိုးအားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အမျိုးသားအသင်း အုပ်စုလေးအုပ်စု ပြိုင်ပွဲဝင်အသင်း ၁၆ သင်းနှင့် အမျိုးသမီးအသင်း အုပ်စုနှစ်အုပ်စု ပြိုင်ပွဲဝင်အသင်း ခြောက်သင်းဖြင့် ဇူလိုင် ၁၁ ရက်မှ ၂၄ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက်အမျိုးသား ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်မှ ၁၈ ရက်အထိ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန်လေးဇုန်ခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။



ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ယနေ့ မွန်းလွဲ ၃ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိ ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိ သရေရလဒ်ဖြင့် လည်းကောင်း သက်ဆိုင်ရာ ဇုန်များအလိုက် အားကစားကွင်း အသီးသီးတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များက တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

ဇူလိုင် ၁၃ ရက်တွင် ပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်အဖြစ် မွန်းလွဲ ၃ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည် ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ITPEC Exam **အောင်လက်မှတ်ချီးမြှင့်ပွဲ** Grade 6 **ကျောင်းသား** IP Certificate **ရရှိ**

**ရန်ကုန် ဇူလိုင် ၁၂**

ဧပြီ ၂၇ ရက်က ကျင်းပစစ်ဆေးခဲ့သည့် ခုနစ်နိုင်ငံ အသိအမှတ်ပြု ITPEC Exam အောင်လက်မှတ် ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park၊ Conference Hall ၌ ကျင်းပရာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့မှ ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်၍ စာမေးပွဲအောင်မြင်ခဲ့သည့် သင်တန်းသား သင်တန်းသူ ၃၀၀ ကျော်တို့အား သင်တန်း Certificate များ ပေးအပ်သည်။

အဆိုပါ အခမ်းအနားတွင် အသက်(၁၃)နှစ်အရွယ် Grade 6 ကျောင်းသား မင်းသုတနိုင်က IP Certificate ကို တက်ရောက်ရယူခဲ့သည်။

“ကျွန်တော် အသက်(၁၂)နှစ်အရွယ်မှာ ပုလဲရတနာမှာ IT ပညာရပ်ကို လေ့လာဆည်းပူးပြီး ကျောင်းတက်ခဲ့ပါတယ်။ အသက်(၁၃)နှစ်မှာ ITPEC Exam ကို ဝင်ရောက်ဖြေဆိုတာ အောင်မြင်ပြီး IP Certificate ကို ရရှိခဲ့ပါတယ်။ FE Course ကို စာတွေ့၊ လက်တွေ့ သင်ယူရင်း Software developer course ရဲ့ Project တွေလုပ်နေပါတယ်”ဟု ပြောသည်။

အဆိုပါစာမေးပွဲကိုကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ ကျောင်းသားကျောင်းသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များနှင့် IT စိတ်ပါဝင်စားသည့် လူငယ်များ ဝင်ရောက်ဖြေဆိုကြရာ မင်းသုတနိုင်မှာ အသက်အငယ်ဆုံးကျောင်းသားတစ်ဦးဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**



# ဥရောပ မကောင်းနိုင်တော့ပြီ

## နိုင်ငံတကာရေးရာ သုတေသီတစ်ဦး

**ဥရောပက အရင်က အတော်ကောင်းခဲ့တယ်။ အထူးသဖြင့် ခိုလှုံခွင့်တောင်းခံသူတွေ၊ ဒုက္ခသည်တွေ၊ ရွှေ့ပြောင်းဝင်ရောက်လာသူတွေအတွက် နိဗ္ဗာန်ဘုံကြီးဖြစ်ခဲ့တယ်။ ဥရောပဟာ နိုင်ငံတကာစာချုပ်စာတမ်းတွေ စတင်ပေါ်ထွန်းရာ မူရင်းနယ်မြေဖြစ်ပြီး နိုင်ငံတကာစနစ်ကြီးကို အလေးထားစောင့်ရှောက်တဲ့ ဥရောပသမဂ္ဂ (အီးယူ)လို အဖွဲ့အစည်းကြီးလည်း တည်ရှိတယ်။ ရောက်လာတဲ့ခိုလှုံသူတွေကို အစားအစာတွေပေးတယ်။ နေစရာတွေပေးတယ်။ ဘာသာစကားနဲ့ အလုပ်အကိုင်၊ အခွင့်အလမ်း၊ သင်တန်းတွေ စီမံပေးတယ်။ လူမှုဖူလုံရေးထောက်ပံ့ကြေးတွေပေးတယ်။**

လူသားချင်း စာနာထောက်ထားမှုနဲ့ လူ့အခွင့်အရေးဆိုတာ ဥရောပရဲ့ အင်ဂျင်ကြီးနှစ်လုံးဖြစ်ပြီး ဥရောပဟာ တစ်ကမ္ဘာလုံးမှာ လူ့အခွင့်အရေးနဲ့ ပတ်သက်ရင် စံပြဖြစ်စေလိုတယ်။ ဥရောပရဲ့ ကောင်းမွန်တဲ့ စံတန်ဖိုးထားမှုတွေကို ကမ္ဘာအနှံ့ ပျံ့နှံ့စေလိုတယ်။ အခုတော့ ဥရောပဟာ နည်းနည်းစိတ်ကုန်လာတဲ့သဘောရှိတယ်။ အရင်လို ဥရောပဟာ မကောင်းနိုင်တော့ဘူး။ ရွှေ့ပြောင်းဝင်ရောက်လာတဲ့သူတွေကိုလည်း နှင်လွှတ်နေတယ်။ ခိုလှုံခွင့်တောင်းခံသူတွေကိုလည်း တင်းကျပ်တဲ့စည်းမျဉ်းတွေနဲ့စည်းနှောင်တယ်။ ဒုက္ခသည်တွေကိုတောင် အမြဲတမ်းနေထိုင်ခွင့်မပေးတော့ဘူး။ အံ့ဩစရာကောင်းတာက အဲဒီလို လူဝင်မှုအပေါ်မှာ တင်းမာတဲ့သဘောထားတွေဟာ နိုင်ငံတကာဥပဒေတွေ၊ အခြေခံလူ့အခွင့်အရေးတွေကို အလေးထားပါတယ်ဆိုတဲ့ လစ်ဘရယ်အကျဆုံးနိုင်ငံတွေဖြစ်တဲ့ ဒိန်းမတ်တို့လိုနိုင်ငံတွေမှာ သိသိသာသာ မြင်တွေ့လာနေရတာ ဖြစ်ပါတယ်။

> **“လူသားချင်းစာနာထောက်ထားမှုနဲ့ လူ့အခွင့်အရေးဆိုတာ ဥရောပရဲ့ အင်ဂျင်ကြီးနှစ်လုံးဖြစ်ပြီး ဥရောပဟာ တစ်ကမ္ဘာလုံးမှာ လူ့အခွင့်အရေးနဲ့ ပတ်သက်ရင် စံပြဖြစ်စေလိုတယ်။ ဥရောပရဲ့ ကောင်းမွန်တဲ့စံတန်ဖိုးထားမှုတွေကို ကမ္ဘာအနှံ့ ပျံ့နှံ့စေလိုတယ်။ အခုတော့ ဥရောပဟာ နည်းနည်းစိတ်ကုန်လာတဲ့သဘောရှိတယ်။ အရင်လို ဥရောပဟာ မကောင်းနိုင်တော့ဘူး။ ရွှေ့ပြောင်းဝင်ရောက်လာတဲ့သူတွေကိုလည်း နှင်လွှတ်နေတယ်။ ခိုလှုံခွင့်တောင်းခံသူတွေကိုလည်း တင်းကျပ်တဲ့စည်းမျဉ်းတွေနဲ့ စည်းနှောင်တယ်။ ဒုက္ခသည်တွေကိုတောင် အမြဲတမ်းနေထိုင်ခွင့်မပေးတော့ဘူး။ အံ့ဩစရာကောင်းတာက အဲဒီလို လူဝင်မှုအပေါ်မှာ တင်းမာတဲ့သဘောထားတွေဟာ နိုင်ငံတကာဥပဒေတွေ၊ အခြေခံလူ့အခွင့်အရေးတွေကို အလေးထားပါတယ်ဆိုတဲ့ လစ်ဘရယ်အကျဆုံးနိုင်ငံတွေဖြစ်တဲ့ ဒိန်းမတ်တို့လိုနိုင်ငံတွေမှာ သိသိသာသာ မြင်တွေ့လာနေရ”**

### လက်တွေ့နိုင်ငံရေးမှာတော့ သိမ်မွေ့တဲ့ကွဲပြားမှုတွေရှိ

ဥရောပနိုင်ငံရေးမှာ ယေဘုယျလက်ဝဲ (Left)၊ လက်ယာ (Right)၊ အလယ် (Centre)ဆိုပြီး ရှိပါတယ်။ လက်ဝဲနိုင်ငံရေးပါတီတွေက လူ့အခွင့်အရေး၊ သာတူညီမျှမှုဆိုတာတွေ အာရုံရောက်ပြီး လက်ယာပါတီတွေကတော့ လူဝင်မှုတင်းကျပ်ရေး၊ အမျိုးသားလုံခြုံရေးဆိုတာတွေကို အလေးထားပါတယ်။ ယေဘုယျလက်ဝဲယိမ်းပါတီတွေကို လစ်ဘရယ်ပါတီတွေအဖြစ် ရှုမြင်ပြီး လက်ယာယိမ်းပါတီတွေကို အမျိုးသားရေးပါတီတွေအဖြစ် ရှုမြင်ပါတယ်။ အလယ်ပါတီတွေကတော့ လက်ဝဲနဲ့ လက်ယာကြား မျှတအောင်နေတဲ့ ပါတီတွေဖြစ်ပါတယ်။ အဲဒီမှာမှ အလယ်ပါတီတစ်ခုက လက်ဝဲဘက် နည်းနည်းများသွားရင် (Centre–Left)၊ လက်ယာဘက် ပိုရောက်သွားရင် (Centre–Right) ဆိုပြီး သတ်မှတ်ကြပါတယ်။ လက်ဝဲနဲ့ လက်ယာဟာ မူဝါဒတွေ မတူညီကြဘဲ ထင်သာမြင်သာအရှိဆုံးက သူတို့ရဲ့ ပါတီမူဝါဒတွေမှာ လူဝင်မှုအပေါ် ဘယ်လိုသဘောထားသလဲဆိုတာနဲ့ တိုင်းတာပါတယ်။ ယေဘုယျ လက်ယာယိမ်းပါတီတွေဟာ လူဝင်မှု(ရွှေ့ပြောင်း၊ ခိုလှုံခွင့်၊ ဒုက္ခသည်) နဲ့ပတ်သက်ရင် သဘောထားတင်းမာကြပြီး လက်ဝဲပါတီတွေကတော့ သဘောထား ပျော့ပျောင်းကြပါတယ်။ တကယ့်မြေပြင်လက်တွေ့နိုင်ငံရေးမှာတော့ သိမ်မွေ့တဲ့ကွဲပြားမှုတွေရှိပါတယ်။

ဥရောပနိုင်ငံရေးမှာ အစဉ်အဆက် လစ်ဘရယ်နိုင်ငံရေးပါတီတွေနဲ့ အလယ်အလတ်ပါတီတွေက ကြီးစိုးတာမို့ သူတို့မူဝါဒတွေနဲ့ မကိုက်ညီဘဲ ဒုက္ခသည်တွေကို အကောင်းမမြင်တာ၊ လူဝင်မှုကို တင်းကျပ်ချင်တာ၊ လုံခြုံရေးနဲ့ ချိတ်ဆက်ပြောဆိုတာမျိုးဆိုရင် အဲဒီနိုင်ငံရေးပါတီ၊ နိုင်ငံရေးသမားကို လက်ယာစွန်းလို့ သတ်မှတ်တတ်ကြပါတယ်။ ဥရောပဟာ လက်ယာစွန်းဆိုရင် အတော်သတိထားပါတယ်။ တစ်ချိန်က ဒုတိယကမ္ဘာစစ်ကြီးကို အစပြုခဲ့တဲ့ ဖက်ဆစ်အာဏာရှင် ဟစ်တလာတို့၊ မူဆိုလီနီတို့ဆိုတာ လက်ယာစွန်း အမျိုးသားရေးဝါဒီတွေဖြစ်ပါတယ်။ လက်ယာပါတီတွေကတော့ သူတို့ဟာ နိုင်ငံကို ချစ်တာသာဖြစ်တယ်၊ နိုင်ငံနဲ့လူမျိုးကို ကာကွယ်စောင့်ရှောက်ချင်တာသာဖြစ်တယ်၊ သူတို့ဟာ လက်ယာစွန်းတွေမဟုတ်ဘူးဆိုပြီး ငြင်းဆိုကြပါတယ်။

ဥရောပမှာ လက်ဝဲ၊ လက်ယာ ကွာဟချက်ကြီးမားလွန်းလို့ ပြင်သစ်သမ္မတ မက်ခရွန်လို နိုင်ငံရေးသမားအချို့က အဲဒီလိုကွာဟမှုကို ပြည်တွင်းစစ်သဘော တင်စားပြောဆိုကြပါတယ်။ အထူးသဖြင့် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ဥရောပမှာ အပြင်ကလာတဲ့သူတွေ သိပ်များလာပြီး လူ့အဖွဲ့အစည်းမှာ အလုပ်လက်မဲ့တွေပေါ်လာ၊ ရာဇဝတ်မှုတွေများလာ၊ စီးပွားရေးကလည်း အီလာတော့ ဥရောပနိုင်ငံရေးမှာ လူဝင်မှုကိစ္စက အဓိကပြောဆိုဆွေးနွေးစရာဖြစ်လာခဲ့ပါတယ်။ တစ်နည်းဆိုရရင် ဥရောပရွေးကောက်ပွဲတွေမှာ လူဝင်မှုကိစ္စဟာ ရှေ့တန်းရောက်လာပါတယ်။ လူဝင်မှုတင်းကျပ်ရေးမူ ကိုင်စွဲတဲ့ လက်ယာစွန်းပါတီတွေ အားကောင်းလာပါတယ်။

> **“လက်ဝဲပါတီတွေက လက်ယာပါတီတွေရဲ့ ပိုင်နက်သဘောဖြစ်တဲ့ လူဝင်မှုဘာသာရပ်ကို နေရာဝင်ယူလာတော့ လက်ယာပါတီတွေကလည်း လက်ဝဲပါတီတွေရဲ့ မူပိုင်သဘောဖြစ်တဲ့ လူမှုဖူလုံရေးအကြောင်းတွေ ပိုပြောလာတယ်။ ဆိုလိုတာ ဥရောပနိုင်ငံရေးက အရင်လို လက်ဝဲ၊ လက်ယာ မကွဲပြားလှတော့ဘဲ ရောထွေးလာပါတယ်။ နိုင်ငံရေးပါတီတွေဟာ မူဝါဒ အနေနဲ့ စာထဲမှာသာရှိပြီး အပြင်လက်တွေ့မှာ မဲဆန္ဒရှင် လူထုအကြိုက် လုပ်ဆောင်လာကြတယ်။ အရင် လူ့အခွင့်အရေး၊ ဒုက္ခသည်တွေအခွင့်အရေး ဘက်က မားမားမတ်မတ်ရပ်တည်ခဲ့တဲ့ ဥရောပ လစ်ဘရယ်ပါတီတွေကိုယ်တိုင် လူ့အခွင့်အရေးကို လျစ်လျူရှုပြီး သူတို့အမျိုးသားအကျိုးစီးပွားကို ဦးစားပေးလာပြီဖြစ်ပါတယ်။ တစ်နည်း အလွန်ကောင်းခဲ့တဲ့ ဥရောပ အခုတော့ မကောင်းနိုင်တော့ပြီ”**

### လူဝင်မှုကြီးကြပ်ရေးနဲ့ပတ်သက်ရင် အတော်တင်းမာတဲ့ သဘောထားပြသ

အခုဆို ဒိန်းမတ်နိုင်ငံ (Denmark)မှာ အုပ်ချုပ်တဲ့အစိုးရက လစ်ဘရယ် လက်ဝဲအစိုးရဖြစ်ပေမယ့် လူဝင်မှုကြီးကြပ်ရေးနဲ့ပတ်သက်ရင် အတော်တင်းမာတဲ့ သဘောထားပြသလာပါတယ်။ အရင်က ခိုလှုံခွင့်တောင်းခံသူတွေ၊ ရွှေ့ပြောင်းဝင်ရောက်လာသူတွေကို ကြိုဆိုတယ်ဆိုပေမယ့် အခု မကြိုဆိုတော့ဘူးဆိုတဲ့သဘောဖြစ်ပါတယ်။ BBC သတင်းဌာနရဲ့ အဆိုအရ ဒိန်းမတ်ဟာ သူ့ရဲ့တာဝန်ရှိသူတွေကို ခိုလှုံခွင့်တောင်းခံသူတွေရဲ့ လက်ဝတ်လက်စားတွေနဲ့ အခြားအဖိုးတန်တဲ့ပစ္စည်းတွေကို သိမ်းဆည်းခွင့်ပြုပြီး အဲဒီပစ္စည်းတွေကို ခိုလှုံခွင့်တောင်းခံသူတွေ ဒိန်းမတ်မှာ နေထိုင်စဉ် ကုန်ကျစရိတ်အဖြစ် အသုံးပြုမယ်လို့ဆိုပါတယ်။

၂၀၂၂ ခုနှစ်မှာ ပြဋ္ဌာန်းလိုက်တဲ့ ဒိန်းမတ်လူဝင်မှုဥပဒေတစ်ခုမှာ ခိုလှုံခွင့်တောင်းခံသူတွေကို စိစစ်ဖို့နဲ့ ဒုက္ခသည်တွေကိုနေရာချထားဖို့ ဒိန်းမတ်နဲ့ သဘောတူထားတဲ့ အာဖရိကတိုက်က ရဝမ်ဒါဆိုတဲ့နိုင်ငံလေးကို အသုံးပြုမယ်လို့ဆိုပါတယ်။ ရဝမ်ဒါဆိုတာ အခု ငြိမ်းချမ်းနေပေမယ့် ၁၉၉၄ ခုနှစ်တုန်းက အဲဒီမှာ ဟူတူလူမျိုးစုနဲ့ တွက်ဆီလူနည်းစုတွေအကြား အကြမ်းဖက်လူသတ်ပွဲကြီးတွေဖြစ်ခဲ့လို့ ရက် ၁၀၀ အတွင်း လူ ၈၀၀၀၀၀ လောက် သေဆုံးခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။ အခုထိတော့ ဒိန်းမတ်ဟာ အဲဒီဥပဒေအတိုင်း မလုပ်ဆောင်သေးဘူးလို့ ဆိုပါတယ်။ မိသားစုပေါင်းစည်းမှု (Family Reunion) ကိုလည်း တင်းကျပ်ထားပြီး ဒုက္ခသည်တွေကိုလည်း ဒိန်းမတ်မှာ ယာယီပဲ နေထိုင်ခွင့်ပြုတယ်ဆိုပါတယ်။ ဥရောပသုတေသန အဖွဲ့အစည်းအချို့ကတော့ အခုလို ဒုက္ခသည်တွေ၊ ရွှေ့ပြောင်းဝင်ရောက်လာသူတွေအပေါ် ဒိန်းမတ်နိုင်ငံရဲ့ ဆက်ဆံပုံဟာ ဥရောပတန်ဖိုးထားတဲ့ နိုင်ငံတကာဥပဒေမူဘောင်တွေနဲ့ လုံးလုံးမကိုက်ညီဘူးလို့ ထောက်ပြကြတယ်။ တစ်ချိန်က သဘောကောင်းတဲ့ ဒိန်းမတ်၊ လူ့အခွင့်အရေးလေးစားတဲ့ ဒိန်းမတ်ဆိုတာ လူဝင်မှုကိစ္စနဲ့ ပတ်သက်ရင်တော့ ကျန်ခဲ့ပြီလို့ ဆိုပါတယ်။

### အတော်ပွဲဆူသွားခဲ့

ပြီးခဲ့တဲ့ မေလတုန်းကလည်း လစ်ဘရယ် UK ဝန်ကြီးချုပ် Keir Starmer က မိန့်ခွန်းတစ်ခုမှာ သူ့နိုင်ငံဟာ လူစိမ်းတွေရဲ့နိုင်ငံ (an island of strangers) ဖြစ်လာနေပြီလို့ ထည့်သွင်းပြောကြားခဲ့လို့ အတော်ပွဲဆူသွားခဲ့ပါသေးတယ်။ ပြင်သစ်သမ္မတ Emmanuel Macron နဲ့ ဂျာမနီခေါင်းဆောင် Friedrich Merz တို့ဟာလည်း အလယ်အလတ်သမား (Centrists) တွေအဖြစ် လူသိများပါတယ်။ အခု သူတို့ကလည်း လူဝင်မှုနဲ့ပတ်သက်ရင် တင်းတင်းမာမာပါပဲ။ အမှန်က လူဝင်မှုနဲ့ပတ်သက်ရင် သဘောထားတင်းမာတယ်ဆိုတာ အမျိုးသားရေး လက်ယာပါတီတွေရဲ့ မူပိုင်ဖြစ်ပါတယ်။ အခုတော့ လစ်ဘရယ် လက်ဝဲတွေကပါ လူဝင်မှုနဲ့ပတ်သက်ရင် သဘောထားပြောင်းလာတဲ့အခြေအနေဖြစ်ပါတယ်။

အဲဒီလို လက်ဝဲပါတီတွေက လက်ယာပါတီတွေရဲ့ ပိုင်နက်သဘောဖြစ်တဲ့ လူဝင်မှုဘာသာရပ်ကို နေရာဝင်ယူလာတော့ လက်ယာပါတီတွေကလည်း လက်ဝဲပါတီတွေရဲ့ မူပိုင်သဘောဖြစ်တဲ့ လူမှုဖူလုံရေးအကြောင်းတွေ ပိုပြောလာတယ်။ ဆိုလိုတာက ဥရောပနိုင်ငံရေးဟာ အရင်လို လက်ဝဲ၊ လက်ယာ မကွဲပြားလှတော့ဘဲ ရောထွေးလာပါတယ်။ နိုင်ငံရေးပါတီတွေဟာ မူဝါဒအနေနဲ့ စာထဲမှာသာရှိပြီး အပြင်လက်တွေ့မှာ မဲဆန္ဒရှင် လူထုအကြိုက် လုပ်ဆောင်လာကြတယ်။ အရင် လူ့အခွင့်အရေး၊ ဒုက္ခသည်တွေအခွင့်အရေးဘက်က မားမားမတ်မတ်ရပ်တည်ခဲ့တဲ့ ဥရောပ လစ်ဘရယ်ပါတီတွေကိုယ်တိုင် လူ့အခွင့်အရေးကို လျစ်လျူရှုပြီး သူတို့အမျိုးသား အကျိုးစီးပွားကို ဦးစားပေးလာပြီဖြစ်ပါတယ်။ တစ်နည်း အလွန်ကောင်းခဲ့တဲ့ ဥရောပ အခုတော့ မကောင်းနိုင်တော့ပြီဖြစ်ပါတယ်။ **စာမျက်နှာ ၁၁ သို့** ❏

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ ပိုလျှံစွာထုတ်လုပ်နိုင်ရေး ကွင်းဆင်းကြည့်ရှုအားပေး

သာယာဝတီ ဇူလိုင် ၁၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ ပိုလျှံစွာထုတ်လုပ်နိုင်ရေး ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကြို့ပင်စခန်းကျေးရွာ၌ ဒေါ်လွင်မာစိုး၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဥစားဘဲကောင်ရေ ၇၀၀၀ အောင်မြင်စွာ မွေးမြူထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး မိုးစပါးစိုက်တောင်သူတိုင်း ကွင်းအလိုက် အစုအဖွဲ့စနစ်ဖြင့် ဥစားဘဲ၊ အသားစားဘဲ မွေးမြူနိုင်ရေး အသိပညာပေးစည်းရုံးဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် သပြေကုန်းကျေးရွာ၌ ဦးကျော်နိုင်၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အသားတိုးနွားမျိုးဖြစ်သည့် ဘရာမင်၊ နွားပြာစိမ်း၊ နွားရွှေနီနှင့် ဖရီရှန် စုစုပေါင်းကောင်ရေ ၅၀ အောင်မြင်စွာမွေးမြူထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး ဒေသနွားမျိုးများကိုလည်း မျိုးမြှင့်တင်ခြင်းဆောင်ရွက်သွားရန်၊ ခြံလှောင်မွေးမြူခြင်းမှရရှိလာသည့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများဖြင့် သဘာဝမြေဩဇာထုတ်လုပ်ရန်၊ နေဗီယာမြက်စိုက်ပျိုးရန်နှင့် ဇီဝလုံခြုံရေးဂရုပြုမွေးမြူရန် လမ်းညွှန်မှာကြားခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပေါင်းတည်မျိုးသန့်ခြံ၊ မျိုးစေ့ဌာနခွဲ၌ ပဲခူးတိုင်းဒေသကြီးမှ ထုတ်လုပ်ထားသည့် လက်ဆွဲကောက်စိုက်စက်ဖြင့် အောင်နိုင်တိုးစပါးမျိုး စိုက်ပျိုးသရုပ်ပြသနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တောင်သူဝင်ငွေတိုးတက်စေရေးအတွက် တစ်ဧကစိုက်ပျိုးထုတ်လုပ်မှုသက်သာစေရေး နည်းလမ်းများရှာဖွေပေးရန်၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျနည်းစနစ်မှန်မှန် သုံးစွဲရန်၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်စုံကောင်းမွန်စေရေးနှင့် မိသားစုတစ်ပိုင်တစ်နိုင်ဝင်ငွေတိုးစေရေး ကျေးရွာများတွင် ဒေသနွား၊ ဒေသဝက်နှင့် ဒေသကြက်အား ခြံလှောင်စနစ်ဖြင့် တစ်ပိုင်တစ်နိုင်အဆင့်မှ စီးပွားဖြစ် မွေးမြူနိုင်ရေးစည်းရုံးဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်မြို့နယ် ဇရစ်ချောင်ကျေးရွာရှိ "စိန်ကမ္ဘာဦး" လယ်ယာသုံးပစ္စည်းထုတ်လုပ်ရေး အလုပ်ရုံသို့ ရောက်ရှိခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်ချက်ဖြင့် ပေါင်ကြီးတင်စနစ်ပါ နှမ်းအစေ့ချစက်နှင့် ကြံစိုက်စက်ထုတ်လုပ်ထားရှိမှုတို့ကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးမှု သရုပ်ပြခြင်း၊ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးမှု သရုပ်ပြခြင်း၊ ဓာတ်မြေဩဇာ ပေးအပ်ခြင်းနှင့် စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ခြင်းတို့ကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သနပ်ပြင် ကျေးရွာအုပ်စု တောင်သူ ဦးအောင်လွင်၏ စံပြစိုက်ကွက်တွင်ပြုလုပ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လယ်ထွန်စက်ကြီးများဖြင့် ထွန်ယက်နေမှုများ၊ တိုက်ရိုက်အစေ့ချကိရိယာဖြင့် သရုပ်ပြစိုက်ပျိုးနေမှု၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြနေမှု၊ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြနေမှု၊ စက်မှုလယ်ယာဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့မှ ခင်းကျင်းပြသထားသည့် လယ်မြေပြုပြင်ရန် မြေဆွေးမြေဩဇာဆောင်ရွက်ထားရှိမှု၊ အပင်အားဆေးဆောင်ရွက်ထားရှိမှုနှင့် EM ဘိုကာရှီမြေဆွေးများ ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးပြီး တိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် သရုပ်ပြစိုက်ပျိုးခဲ့သည့် တောင်သူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



❑ စာမျက်နှာ ၁၀ မှ

ဒီနေရာမှာ ကောင်းတယ်ဆိုတာ အပြင်လူတွေအပေါ် ကောင်းခဲ့တာပေ့ါ။ ခိုလှုံခွင့်တောင်းခံသူတွေ၊ ဒုက္ခသည်လျှောက်ထားသူတွေ၊ ရွှေ့ပြောင်းဝင်ရောက်လာသူတွေကို အရင်က ဥရောပက ကြိုဆိုခဲ့ပါတယ်။ အများကြီးလည်း အခွင့်အရေးတွေပေးခဲ့တယ်။ အများကြီးလည်း ကောင်းခဲ့တယ်။ ဒုက္ခသည်တွေကို နိုင်ငံတကာဥပဒေဆိုတာတွေနဲ့လည်း အမြဲစည်းကြပ်ချည်နှောင် အကာအကွယ်ပေးခဲ့တယ်။ ဥရောပ (အီးယူ)ဟာ နိုင်ငံတကာဥပဒေမူဘောင်တွေကို အဓိက စောင့်ရှောက်သူဖြစ်တယ်။ ဒါကြောင့် အကူအညီလိုသူကို အကူအညီပေးရမယ်၊ ဒုက္ခရောက်သူကို စောင့်ရှောက်လက်ခံရမယ် စသဖြင့် လူ့အခွင့်အရေးရှုထောင့်နဲ့ ကြည့်ခဲ့တယ်။ အဲဒီလို ကောင်းလွန်းခဲ့လို့လည်း နိုင်ငံတကာဒုက္ခသည်တွေအကြားမှာ အထူးသဖြင့် အာဖရိကတိုက်နဲ့ အရှေ့အလယ်ပိုင်းမှာ ဥရောပဟာ ရေပန်းစားခဲ့တယ်။

ဥရောပရောက်ရင် အားလုံးအဆင်ပြေပြီ၊ ဥရောပဟာ ကမ္ဘာသစ်ဖြစ်တယ်၊ ဥရောပမှာ လူ့အခွင့်အရေးအပြည့်အဝရှိတယ်၊ လူကို လူလို အဆက်ဆံခံချင်ရင် ဥရောပသွား စသဖြင့် အနည်းနဲ့အများ နိုင်ငံတကာရွှေ့ပြောင်းသူတွေအကြား၊ ဒုက္ခသည်တွေအကြား ရေပန်းစားခဲ့တယ်။ ဒုက္ခသည် အများအပြားစိတ်ထဲမှာ ဥရောပဟာ ငါတို့ကို ကာကွယ်စောင့်ရှောက်မယ့်သူလို့ မြင်နေတယ်။ သူတို့ရပိုင်ခွင့်သဘောမြင်နေတယ်။ အခု ဥရောပက အဲဒီအမြင်တွေပြောင်းစေချင်နေပါပြီ။ ငါတို့ မင်းတို့ကို အလိုမရှိဘူးလို့ ပါးစပ်ကပြောမထွက်ရုံဘဲ ကျန်ပါတော့တယ်။ ဒိန်းမတ်ဆိုရင် သူ့ဆီ ပြည်ဝင်ဖို့မလွယ်ကူကြောင်း လူတွေများများသိအောင် လက်ဘန္ဒနီသတင်းစာတွေမှာ ကြော်ငြာထည့်ခဲ့ဖူးပါတယ်။ ဒါကြောင့် ဥရောပအဖွဲ့အစည်းအချို့က ဒိန်းမတ်ဟာ ခိုလှုံခွင့်တောင်းခံသူတွေ၊ ဒုက္ခသည်တွေအရေးနဲ့ပတ်သက်ရင် အခြားဥရောပနိုင်ငံတွေထက်ပိုပြီး တင်းမာမှုပြသတယ်လို့ ရှုမြင်ကြပါတယ်။ ပိုဆိုးတာက အခုလက်ရှိ ဒိန်းမတ်မှာ အုပ်ချုပ်နေတာ လက်ဝဲဆိုရှယ်ဒီမိုကရက်တွေ ဦးဆောင်တဲ့ အလယ်အလတ်ညွန့်ပေါင်းအစိုးရအဖွဲ့ဖြစ်ပြီး အပြင်ကလာတဲ့သူတွေကို စာနာမှုပြရမယ့်အစား လက်ယာစွန်းပုံစံ ရွှေ့ပြောင်းဝင်လာသူတွေကို ခါးခါးသီးသီးဆက်ဆံနေတာပဲဖြစ်ပါတယ်။

အီးယူအဖွဲ့အစည်းမဟုတ်ဘဲ သီးခြားအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ဥရောပကောင်စီ (Council of Europe) ရဲ့ ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးကော်မတီ (Anti-torture Committee) အစီရင်ခံစာတစ်စောင်မှာ ဥရောပမှာ ခိုလှုံသူတွေ၊ ဒုက္ခသည်တွေအပေါ် ဆက်ဆံပုံဟာ ပိုပြီး ဆိုးရွားလာနေတယ်။ ရုပ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်မှု အများအပြားဖော်ထုတ်တွေ့ရှိရတယ်။ အချို့ဒုက္ခသည်တွေဟာ ထိုးကြိတ်ရိုက်နှက်ခံရတယ်။ အချို့ဆို ကိုယ်လုံးတီးထားတာခံရတယ်။ အချို့ဆို လက်တွေချည်နှောင်ပြီး မြစ်ထဲ၊ နယ်စပ်ဘက် ပြန်နှင်လွှတ်တယ် စသဖြင့်ဖော်ပြထားပါတယ်။ ဥရောပနိုင်ငံတွေက အဲဒီစွပ်စွဲချက်တွေကို ငြင်းဆိုတဲ့အခါ နယ်စပ်တွေကို လွတ်လပ်တဲ့အဖွဲ့တွေက စောင့်ကြည့်ဖို့ အကြံပြုပေမယ့် အီးယူအပါအဝင် ဥရောပနိုင်ငံတွေက နှုတ်ဆိတ်နေပါတယ်။ သူများနိုင်ငံတွေဆိုရင် လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့တွေ လက်ခံဖို့ တွင်တွင်တောင်းဆိုတတ်တဲ့ ဥရောပဟာ အခုလို သူတို့ကိုယ်တိုင်ကြုံလာရတဲ့အခါ နှာစေးနေပါတော့တယ်။

> ❛ ဥရောပဟာ နိုင်ငံတကာရွှေ့ပြောင်းတွေ၊ ခိုလှုံခွင့်တောင်းခံသူတွေ၊ ဒုက္ခသည်တွေအတွက် နိဗ္ဗာန်ဘုံဆိုတာ ကျန်ခဲ့ပါပြီ။ လူ့အခွင့်အရေးနဲ့ လုံခြုံရေးဆို လုံခြုံရေးကို ဦးစားပေးပါပြီ။ လစ်ဘရယ်တွေ ခါးသီးစွာမုန်းတီးတဲ့ အမျိုးသားရေး လက်ယာဝါဒီတွေရဲ့ လူဝင်မှုတင်းကျပ်ရေးအစီအမံကို လစ်ဘရယ်တွေကိုယ်တိုင် လက်ခံနေရပါပြီ။ တစ်နည်း ဥရောပလည်း နှုတ်ကသာ လစ်ဘရယ်၊ လက်တွေ့မှာ အမျိုးသားရေးဘက် ယိမ်းချင်နေပါပြီ။ နှစ်ပေါင်းများစွာ လူ့အခွင့်အရေးမျက်နှာဖုံးစွပ်ထားတာလည်း ကွာကျတာမဟုတ်ဘဲနဲ့ကို တမင်ချွတ်ချလိုက်ပါပြီ။ သဘောကောင်းတဲ့ ဦးလေးကြီးလည်း သဘောမကောင်းနိုင်တော့ပါဘူး ❜

ချုပ်ပြီးဆိုရရင် ဥရောပဟာ နိုင်ငံတကာရွှေ့ပြောင်းတွေ၊ ခိုလှုံခွင့်တောင်းခံသူတွေ၊ ဒုက္ခသည်တွေအတွက် နိဗ္ဗာန်ဘုံဆိုတာ ကျန်ခဲ့ပါပြီ။ လူ့အခွင့်အရေးနဲ့ လုံခြုံရေးဆို လုံခြုံရေးကို ဦးစားပေးပါပြီ။ လစ်ဘရယ်တွေ ခါးသီးစွာမုန်းတီးတဲ့ အမျိုးသားရေး လက်ယာဝါဒီတွေရဲ့ လူဝင်မှုတင်းကျပ်ရေး အစီအမံကို လစ်ဘရယ်တွေကိုယ်တိုင် လက်ခံနေရပါပြီ။ တစ်နည်း ဥရောပလည်း နှုတ်ကသာ လစ်ဘရယ်၊ လက်တွေ့မှာ အမျိုးသားရေးဘက် ယိမ်းချင်နေပါပြီ။ နှစ်ပေါင်းများစွာ လူ့အခွင့်အရေးမျက်နှာဖုံးစွပ်ထားတာလည်း ကွာကျတာမဟုတ်ဘဲနဲ့ကို တမင်ချွတ်ချလိုက်ပါပြီ။ သဘောကောင်းတဲ့ ဦးလေးကြီးလည်း သဘောမကောင်းနိုင်တော့ပါဘူး။ အရင်လို ဥရောပ မကောင်းနိုင်တော့ပြီ။ ။

# မွန်ပြည်နယ်ဝန်ကြီးချုပ် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၅) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံ

မော်လမြိုင် ဇူလိုင် ၁၂

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၅)သို့ တက်ရောက်ရန် မော်လမြိုင်မြို့ နယ်မြေခံသင်တန်းကျောင်းတွင် ရောက်ရှိနေသော မွန်ပြည်နယ်အတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းက မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ် ဌေးလွင်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တာဝန်ရှိသူများ သွားရောက်တွေ့ဆုံအားပေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက သင်တန်းသားများအနေဖြင့် သင်တန်းကျောင်းမှ သင်ကြားပေးသော စစ်ပညာရပ်များကို ကြိုးစားသင်ယူပြီး စိတ်ဓာတ်စွမ်းရည်၊ စည်းကမ်းစွမ်းရည်၊ လေ့ကျင့်ရေးစွမ်းရည်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ကြစေလိုကြောင်း၊ သင်တန်းကျောင်းမှ သင်ကြားပေးသောစစ်ပညာရပ်များကို ကျွမ်းကျင်စွာတတ်မြောက်ရန်နှင့် စိတ်ဓာတ်ကြံ့ခိုင်မှုကောင်းသည့် စစ်သည်ကောင်းတစ်ယောက်ဖြစ်လာရန် ကြိုးစားလိုက်နာလေ့ကျင့်ကြစေလိုကာ နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅) သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့်အဝတ်အထည်များ ပေးအပ်ပြီး အားပေးစကားများပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**စည်သူ(ပြန်/ဆက်)**

# တောင်ကြီးမြို့၏ Safe City လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် ကုမ္ပဏီများမှ နည်းပညာများလာရောက်ရှင်းလင်းတင်ပြ

တောင်ကြီး ဇူလိုင် ၁၂

၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာနှစ်တွင် တောင်ကြီးမြို့၏ Safe City လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာများအား Chan Pyae Soe Technology Co.,Ltdနှင့် HIK VISION Co.,Ltd တို့က ယနေ့နံနက် ၁၁ နာရီခွဲတွင် တောင်ကြီးမြို့ ရှမ်းပြည်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လာရောက်ရှင်းလင်းတင်ပြကြသည်။



**အကြံပြုဆွေးနွေး**

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံမှုရှိစေရေးအတွက် အဆင့်မြင့်နည်းပညာသုံး စက်ပစ္စည်းကိရိယာများကို မဖြစ်မနေအသုံးပြုရမည်ဖြစ်၍ နည်းပညာနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ Safe City မှ Smart City အဖြစ် သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျတာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ပြီး လိုအပ်ချက်များကိုလည်း ထိန်းကျောင်းပေးရမည်ဖြစ်ကြောင်းနှင့် ကုန်ကျမှုတိုင်းသည် ထိရောက်မှုရှိရန်လိုအပ်ကြောင်း၊ ပြည်သူလူထုကို ဝန်ဆောင်မှုပေးသည့်လုပ်ငန်းဖြစ်၍ သက်ဆိုင်ရာဌာနများကလည်း အကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် Chan Pyae Soe Technology Co.,Ltd နှင့်HIK VISION Co.,Ltd တို့က တောင်ကြီးမြို့ Safe City စီမံကိန်းတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့်စနစ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့်စနစ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် အကြံပေးအဖွဲ့များနှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာပြည်နယ်အဆင့်ဌာနများက စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေးရာ စက်ပစ္စည်းများသည် အရည်အသွေးရှိရန်လိုအပ်ပြီး ပြန်လည်အသုံးပြုရန် အဆင်ပြေမည်ဆိုပါက တပ်ဆင်ရသည်မှာ အကျိုးရှိမည်ဖြစ်ကြောင်း၊ ပျက်စီးမှုများရှိပါက တာဝန်ယူဆောင်ရွက်သည့်ကုမ္ပဏီမှ ပြန်လည်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ကျင်းပမည့် နွေရာသီအပြည်ပြည်ဆိုင်ရာ လူငယ်များ စခန်းချတွေ့ဆုံပွဲ (၂၀၂၅) သို့ တက်ရောက်

ရန်ကုန် ဇူလိုင် ၁၂

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့ အခြေစိုက် အာရှ-ပစိဖိတ်ဒေသကလေးများဆိုင်ရာ ကွန်ဗင်းရှင်း (Asian-Pacific Children's Convention - APCC)က ဦးစီး၍ ဖူကူအိုကာမြို့၌ ဇူလိုင် ၁၂ ရက်မှ ၂၁ ရက်ထိ ကျင်းပမည့် (၃၇)နှစ်မြောက် နွေရာသီ အပြည်ပြည်ဆိုင်ရာ လူငယ်များ စခန်းချတွေ့ဆုံပွဲ (BRIDGE Summer Camp- 2025)ကျင်းပသွားမည်ဖြစ်သည်။




အဆိုပါ တွေ့ဆုံပွဲသို့ Junior Ambassador များအဖြစ် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ရန် မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်းက ဦးစီးရွေးချယ်လေ့ကျင့်ပေးထားသည့် အခြေခံပညာကျောင်းသား ကျောင်းသူ လူငယ်ခြောက်ဦးဖြစ်သော မောင်အောင်ဘုန်းမြတ်သာ(အထက-၁၊ ဒဂုံ)၊ မောင်ကြည်စိုးဟန်(အထက-၁၊ ဒဂုံ)၊ မောင်ဘုန်းမော်ကွန်း (အထက-၂၊ ကမာရွတ်)၊ မခိုင်ဝတ်ရည်မင်း(အထက-၂၊ မင်္ဂလာဒုံ)၊ မကြည်ဖြူချမ်းလင်း(အထက-၂၊ မင်္ဂလာဒုံ)၊ မဖြိုးမွန်မွန်မြင့် (လေ့ကျင့်ရေး အထက်တန်းကျောင်း(TTC)၊ ကမာရွတ်)တို့အား မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း (MJA)မှအတွင်းရေးမှူး ဒေါက်တာဌေးလွင်က အုပ်ချုပ်သူအဖြစ်ဦးစီးလိုက်ပါ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ယမန်နေ့ညနေပိုင်းတွင် ထိုင်းလေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

စခန်းချကာလအတွင်း အခြားအာရှ-ပစိဖိတ်ဒေသ ၄၂ နိုင်ငံမှ ကျောင်းသား လူငယ် ၁၉၀၊ အုပ်ချုပ်သူ ၄၂ ဦးတို့နှင့်အတူ စခန်းချနေထိုင်တွေ့ဆုံခြင်း၊ ဂျပန်ကျောင်းများသို့ သွားရောက်လေ့လာခြင်းနှင့် ဂျပန်ကျောင်းသားကျောင်းသူများ၏ နေအိမ်တွင် တစ်ဦးချင်း Homestay နေထိုင်ခြင်းနှင့် အိမ်ရှင်ကလေးများနှင့်အတူ ကျောင်းသို့လိုက်ပါတက်ရောက်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်သည်။

စခန်းချကာလအတွင်း ပါဝင်တက်ရောက်ကြသည့် နိုင်ငံစုံမှ ကျောင်းသား ကျောင်းသူများ၏ ယဉ်ကျေးမှုပွဲတော် အစီအစဉ်ဖြစ်သော "We are the BRIDGE Festival - 2025"ကို ဇူလိုင် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ တစ်နိုင်ငံချင်းအလိုက် ကပြဖျော်ဖြေကြရမည်ဖြစ်ပြီး မြန်မာကျောင်းသား လူငယ်အဖွဲ့သည် "နွေဦးကဗျာ"သကြ်ာန်သီချင်းဖြင့် ပါဝင်ကပြဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## ဥတုရာသီ တောကိုမှီ၏

# အမေရိကန်နိုင်ငံက အာဆီယံနိုင်ငံများနှင့် ခိုင်မာသောမိတ်ဖက်ဆက်ဆံရေးရှိစေရန် ရည်ရွယ်



**ဝါရှင်တန် ဇူလိုင် ၁၂**

အမေရိကန်နိုင်ငံက အာဆီယံနိုင်ငံများ (အရှေ့တောင်အာရှနိုင်ငံများအသင်း) နှင့် ခိုင်မာသောမိတ်ဖက်ဆက်ဆံရေးရှိစေရန် ရည်ရွယ်လျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီရိုက ယမန်နေ့တွင် ပြောကြားသည်။

သို့သော် အချို့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများက အမေရိကန်၏ အခွန်စည်းကြပ်မှုအပေါ် စိုးရိမ်ပူပန်မှုများရှိကြောင်း သိရသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီရိုက မလေးရှားနိုင်ငံ မြို့တော် ကွာလာလမ်ပူ၌ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များကို တွေ့ဆုံခဲ့သည်။ အဆိုပါ ခရီးစဉ်သည် မာကိုရူဘီရို၏ ရာထူးတာဝန်များ ထမ်းဆောင်ပြီးနောက် အာရှဒေသသို့ ပထမဆုံးလာရောက်သည့် ခရီးစဉ်တစ်ခုဖြစ်သည်။

အင်ဒို-ပစိဖိတ်ဒေသသည် အမေရိကန် နိုင်ငံခြားရေးမူဝါဒ၏ အချက်အချာအဖြစ် တည်ရှိနေကြောင်းလည်း မာကိုရူဘီရိုက ပြောကြားသည်။

အမေရိကန်နှင့် အာဆီယံနိုင်ငံတို့သည် ၎င်းတို့၏ ရေရှည်မိတ်ဖက်ဆက်ဆံရေးကို တည်ဆောက်လျက် လွတ်လပ်၍ ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသဖြစ်ထွန်းလာစေရေးအတွက် ဘုံရည်မှန်းချက်နှင့် အကျိုးစီးပွားကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း မာကိုရူဘီရိုက ဆက်လက်ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**




# အာဆီယံနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲများလုပ်ဆောင်ရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကမ်းလှမ်း

**ကွာလာလမ်ပူ ဇူလိုင် ၁၂**

ဂျပန်နိုင်ငံက အာဆီယံနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲများ လုပ်ဆောင်ရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာတာကီရှိက ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

အမေရိကန်၏ အခွန်ကောက်ခံမှုကို အတူတကွ ကိုင်တွယ်ဖြေရှင်းရန်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

အာဆီယံ၊ ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁၁ ရက်တွင် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည်။

စည်းမျဉ်းစည်းကမ်းအပေါ် အခြေခံသည့် နိုင်ငံတကာစီးပွားရေးတည်ငြိမ်မှုနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု၊ စားနပ်ရိက္ခာဖူလုံမှုအပါအဝင် အခြားသော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို အရှေ့အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ အတူတကွလုပ်ဆောင်ရန်လိုအပ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာတာကီရှိက တိုက်တွန်းပြောကြားသည်။

နိုင်ငံတကာစီးပွားရေးတွင် အာဆီယံ၊ ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား (ASEAN Plus Three) ၏အရေးပါမှုနှင့် အခန်းကဏ္ဍသည် သိသာထင်ရှားစွာ ကျယ်ပြန့်လျက်ရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံတကာကုန်သွယ်ရေးနယ်ပယ်များတွင် တင်းမာမှုများ မြင့်တက်လျက်ရှိစဉ် စည်းမျဉ်းစည်းကမ်းအပေါ် အခြေခံသည့် လွတ်လပ်ပွင့်လင်းပြီး တရားမျှတသော နိုင်ငံတကာ စီးပွားရေးတည်ငြိမ်မှုကို မြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်လိုကြောင်းလည်း ၎င်းက ပြောသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂါဇာဒေသ၌ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် အမြန်ဆုံးရရှိစေရန် ဂါဇာဒေသခံပြည်သူများ တောင်းဆို

**ဂါဇာစီးတီး ဇူလိုင် ၁၂**

ဂါဇာဒေသ၌ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု အမြန်ဆုံးရရှိစေရန် ဂါဇာဒေသခံပြည်သူများက အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့တို့အား တောင်းဆိုလျက်ရှိကြောင်း သိရသည်။

ကြားဝင်စေ့စပ်ညှိနှိုင်းပေးသည့် ကာတာနိုင်ငံ၌ အစ္စရေးနှင့်ဟားမတ်စ်တို့အကြား သွယ်ဝိုက်သည့်နည်းလမ်းဖြင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်နေခြင်းနှင့်ပတ်သက်ပြီး ဂါဇာဒေသရှိ အင်န်အိတ်ချ်ကေ သတင်းဌာနက ဂါဇာအလယ်ပိုင်း နူဆီးရတ်မြို့ ဒေသခံများကို တွေ့ဆုံမေးမြန်းခဲ့သည်။

အပြန်အလှန်ပစ်ခတ်မှုများနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းကို အမြန်ဆုံး အဆုံးသတ်စေလိုကြောင်း ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။ ဒေသခံများအနေဖြင့် စားနပ်ရိက္ခာရယူရာတွင် အသက်အန္တရာယ်မရှိဘဲ ဘေးကင်းစွာဖြင့် ရယူစေချင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုများနှင့်ပတ်သတ်ပြီး ဟားမတ်စ်အဖွဲ့က ဇူလိုင် ၁၀ ရက်တွင်ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများ ဖြန့်ဝေခြင်းအပါအဝင် ဂါဇာဒေသမှ အစ္စရေးတပ်ဖွဲ့များ ဆုတ်ခွာမှုတို့ ပါဝင်ကြောင်း သိရသည်။

အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံလွှတ်မြောက်ရေး သဘောတူညီချက်ကို လာမည့်သီတင်းပတ်အတွင်း ရရှိနိုင်ဖွယ်ရှိကြောင်း သိရသည်။

အဆိုပါသဘောတူညီချက် မရမီ လက်ရှိအချိန်တွင် အစ္စရေးတပ်ဖွဲ့က ဂါဇာ၌ စစ်ဆင်ရေးများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၀ ရက်အစောပိုင်းတွင် ဂါဇာအလယ်ပိုင်း ဒီရာအယ်လ်ဘာလာမြို့၌ အစ္စရေး၏တိုက်ခိုက်မှုကြောင့် ကလေးငယ် ၁၀ ဦးအပါအဝင် ၁၆ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းမီဒီယာတစ်ခုက သတင်းဖော်ပြသည်။

အဆိုပါဖြစ်စဉ်တွင် အာဟာရဖြည့်စွက်စာရယူရန် စုဝေးလာကြသည့် လူအုပ်ကို အစ္စရေး စစ်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဂါဇာဒေသ၌ သေဆုံးသူပေါင်း ၅၇၇၆၂ ဦး ရှိကြောင်း ဂါဇာကျန်းမာရေးအရာရှိများက ပြောကြားသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဆီးရီးယား တောမီးလောင်ကျွမ်းမှုကို ကူညီရန်အတွက် မီးသတ်တပ်ဖွဲ့များ အီရတ်စေလွှတ်

**ဒမတ်စကတ် ဇူလိုင် ၁၂**

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း လာတာကီရာပြည်နယ်၌ တောမီးလောင်ကျွမ်းမှုကို ကူညီငြိမ်းသတ်ရန်အတွက် မီးသတ်တပ်ဖွဲ့ ၂၀ စေလွှတ်ရန် ပြင်ဆင်နေကြောင်း အီရတ်အရပ်ဘက်ကာကွယ်ရေးဌာနက ယမန်နေ့တွင် ပြောကြားသည်။

အရပ်ဘက်ကာကွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူ နာဝတ်စ်ဆာဘတ်ရှ်က မီးသတ်တပ်ဖွဲ့ ၂၀ သည် မကြာမီ ဆီးရီးယားနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ကြောင်း အီရတ်သတင်းအေဂျင်စီသို့ ပြောကြားသည်။

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း လာတာကီရာပြည်နယ်၌ တောမီးများ ရှစ်ရက်ဆက်တိုက် လောင်ကျွမ်းနေသည့်အတွက် ဆီးရီးယားမိသားစု ၁၉၀၀ ခန့် ထိခိုက်ခံစားနေရကြောင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ပြောကြားသည်။

တောမီးကြောင့် လူအများအပြား အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး အထူးသဖြင့် အမိုးအကာ၊ ရေနှင့် အခြားလိုအပ်သော ဝန်ဆောင်မှုများအတွက် လူသားချင်းစာနာမှု အကူအညီတောင်းဆိုမှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အဲအိန္ဒိယခရီးသည်တင်လေယာဉ် ပျက်ကျမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ကနဦးအစီရင်ခံစာတစ်ရပ် ထုတ်ပြန်



**နယူးဒေလီ ဇူလိုင် ၁၂**

ပြီးခဲ့သည့်လက အိန္ဒိယနိုင်ငံ အနောက်ပိုင်း အာမီဒါဘတ်မြို့၌ လူပေါင်း ၂၆၀ ထက်မနည်း သေဆုံးခဲ့သည့် လေယာဉ်ပျက်ကျမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ကနဦးအစီရင်ခံစာတစ်ရပ်ကို ယနေ့ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လေယာဉ်အင်ဂျင်များသို့ လောင်စာဆီရောက်ရှိရန် ထိန်းချုပ်သည့် ခလုတ်များသည် ပိတ်ထားသည့်အနေအထားတွင် ရှိနေကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြသည်။

အင်ဂျင်များသို့ လောင်စာဆီရောက်ရှိမှုမရှိသည့်အတွက် လေယာဉ်ပျံသန်းမှုရပ်တန့်ကာ ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း အစီရင်ခံစာအရ သိရသည်။

ဇွန် ၁၂ ရက်က ဂူဂျာရတ်ပြည်နယ် အာမီဒါဘတ်မြို့မှ ဗြိတိန်နိုင်ငံသို့ ထွက်ခွာမည့် အဲအိန္ဒိယခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့သည်။ ခရီးသည် ၂၄၂ ဦးလိုက်ပါစီးနင်းခဲ့ပြီး ခရီးသည်တစ်ဦးသာ အသက်ရှင်ကျန်ရစ်ခဲ့သည်။ သေဆုံးသူများတွင် လေယာဉ်ဖြင့် တိုက်မိခဲ့သော ဆေးတက္ကသိုလ် အိပ်ဆောင်မှ ကျောင်းသား ကျောင်းသူများလည်း ပါဝင်ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားပြီးနောက် တစ်လပြည့်မြောက်သည့်နေ့ ဇူလိုင် ၁၂ ရက်တွင် ကနဦးအစီရင်ခံစာကို လေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခြင်းဖြစ်သည်။

လောင်စာဆီထိန်းချုပ်ရေးခလုတ်များကို ဘာကြောင့်ပိတ်ထားသလဲဟု လေယာဉ်မှူးတစ်ဦးက အခြားလေယာဉ်မှူးတစ်ဦးအား မေးမြန်းသည့်အသံဖိုင်နှင့် အခြားလေယာဉ်မှူးတစ်ဦးက ၎င်းအနေဖြင့် ယင်းသို့လုပ်ဆောင်ခဲ့ခြင်းမရှိပါကြောင်း ပြန်လည်ပြောကြားသည့် အသံဖိုင်တို့ကို လေယာဉ်၏မှတ်တမ်းတင်ကိရိယာ စစ်ဆေးမှုရလဒ်အရ သိရှိရကြောင်း အစီရင်ခံစာတွင် ပါရှိသည်။

ပျက်ကျခဲ့သည့်လေယာဉ်အမျိုးအစားမှာ Boeing 787 ဖြစ်ပြီး ယင်းလေယာဉ်အမျိုးအစားကို ကမ္ဘာတစ်ဝန်းရှိလေကြောင်းလိုင်းအများအပြားက အသုံးပြုလျက်ရှိသည်။

ယခုစုံစမ်းစစ်ဆေးမှုအဆင့်တွင် Boeing လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီနှင့် သက်ဆိုင်သူများအား မည်သည့်အရေးယူဆောင်ရွက်မှုကိုမျှ လုပ်ဆောင်မည်မဟုတ်သေးကြောင်း အစီရင်ခံစာအရ သိရသည်။

တာဝန်ရှိသူများက လေယာဉ်ပျက်ကျရခြင်းအကြောင်းရင်းကို ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ရဲသာယာယီယာဉ်စစ်ကွင်း၌ ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၄ မျိုး၊ လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၃၄၅၈၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့်Nissan Diesel Truck သုံးစီး၊ Hino Ranger Truck တစ်စီး၊ Yar Zar Tun Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၈၄၅၈၈၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်းခြောက်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၅၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၉၅၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း ပလိပ်မြို့ UPG စက်ရုံအနီး၌ ရန်ကုန်မြို့မှမန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၃ မျိုး၊ လုပ်ငန်းသုံးပစ္စည်းငါးမျိုး၊ စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၁၆၇၅၄၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Anhui Ankai Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၂၉၂၅၄၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော်လမ်းဘေး တစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၆၅ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၇၀၁၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၄၉၁၈၅၂) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. MCL-12 ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အမှတ်(၂) လမ်းမကြီး စီးပွားရေးတက္ကသိုလ်အနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၁၀၄၅၁၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-ပဲခူးလမ်းဟောင်း ဘုရားကြီးလမ်းဆုံအနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၃၂၇၂၄၇၆၃၅၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၁ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ်ခုနစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၂၈ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံး လုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၄ မှု (ခန့်မှန်းတန်ဖိုးငွေ ၄၂၃၆၈၈၆၉၂ ကျပ်)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Mrkyaw Swar" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ ကျော်စွာဦးအား ညနေ ၄ နာရီ မိနစ် ၄၀ တွင် ပဲခူးမြို့ အမှတ်(၃) နယ်မြေရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၇-၂၀၂၅ တနင်္ဂနွေနေ့

### MRTV HD

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေမ္ဗျုသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၉:၁၅ ကာတွန်းအစီအစဉ် 'ချစ်စရာသုံးစီသားစု' (အပိုင်း-၁၀)
၀၉:၄၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၀၀ 'ရောင်တော်ဖွင့်' ဓမ္မပူဇာတေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
၁၂:၃၅ This Week's Special Interest
၁၃:၁၅ အသိပညာနှင့်အမှန်တရား
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာဂန္ထဝင်ရုပ်ရှင် 'ငြေနိုင်ပေါင်'
၁၆:၄၅ Sports Diary
၁၇:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၇:၄၀ တရုတ်နိုင်ငံရဲ့ပထမဆုံးကော်ပီရွာလေး (အပိုင်း-၂)
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မုသားနောက်ကွယ်' (အပိုင်း-၂၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ကြွေလည်းဝေမြဲ တမ်းတဆဲ
၂၁:၂၅ ဆေးရောင်စုံရုပ်ရှင် 'အမှတ်တမဲ့မှ အမှတ်တရသို့'

### mitv

07:01 Evergreen Classic: Zambudipar (Shwe Yee Win)
07:09 Digital Directory on Shwedagon Pagoda
07:23 Tech Digest
07:33 Mote Sein Paung from Intaing Village
07:42 The Tasty Creator
08:01 News
08:27 Ecotourism: Naga Traditional Customs
08:54 Tourism Development in Myanmar
09:01 Shining Star (Ep-7)
09:23 Beautiful Friendship
09:49 Dough Artist's Dream
10:01 News

### Me

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၃၀ တိုင်းရင်းသားတေးသီချင်း၊ အက (ကချင်)
၀၆:၅၀ ဇာတ်လမ်းတို 'အငေ'
၀၇:၀၅ စတီရီယိုတေးများ
၀၇:၃၀ မြန်မာဇာတ်လမ်းတွဲ 'ထာဝရပန္နလေး' အပိုင်း (၁၇)(၁၈)
၀၈:၅၀ ဇာတ်သဘင် 'ဥမ္မာဒန္တီဇာတ်တော်ကြီး' (ဒုတိယပိုင်း)
၀၉:၄၀ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) 'ကောင်းကင်ထက်က ပန်းတစ်ပွင့်'
၁၉:၃၀ မြန်မာဇာတ်လမ်းတွဲ 'ထာဝရပန္နလေး' အပိုင်း (၁၉)(၂၀)

### MRTV NRC

ကယား (၀၆:၀၀ မှ ၀၈:၀၀)
ကယားရိုးရာဝတ်အူချောင်း

စကောကရင် (၀၈:၀၀ မှ ၀၉:၀၀)
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၁၇)

အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)
နှစ်(၁၀၀)ကျော်ရှိပြီးဖြစ်တဲ့ကရင့်ရိုးရာလုံချည်

အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)
ရာသီပန်းကလေးပွင့်လန်းလို့မွှေး

ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)
မန်းကျည်းပင်၏ကောင်းကျိုးများ

ချင်း (ဇိုး) (၁၂:၀၀ မှ ၁၃:၀၀)
မြန်မာ့မြေမှုစိုက်ပျိုးပွားလှူမှုဘဝများ

မွန် (၁၃:၀၀ မှ ၁၅:၀၀)
အလှမှာယဉ်ဆေးဖက်ဝင်သည့်တရုတ်စံကားပွင့်

ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)
ရခိုင်ရှိသင်္ကေတလာဘ်ကောင်ချာလွှ

ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)
မုန့်ညင်းစေ့တစ်ခွက်နဲ့ခံတွင်းမြိန်

ဝ (၁၉:၀၀ မှ ၂၁:၀၀)
ကွမ်းရွက်စိုက်ပျိုးခြင်း

ကချင် (၂၁:၀၀ မှ ၂၃:၀၀)
တိုင်းရင်းဆေးရာဇဝင်လေ့လာသိကောင်းစရာများ

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၁၅ Next Level
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၄၅ စူးစမ်းရှာဖွေရှေးဟောင်းအမွေ
၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအပြာဖြာဇာတ်လမ်းတို 'မမှန်သတင်းပေးခြင်း'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီရှီသမ္မတနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၈၈)

### MRTV FARMERS HD

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ လှမ်းလို့အရောက်လာပါ Big-M စိုက်ပျိုးရေးခြံကကြိုနေမှာ
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ Livestock on the Land
၁၉:၀၀ The Birth Of Sake
၂၀:၀၀ ရင်ထဲကရွှေနန်းကျင်(ဇာတ်လမ်း)
၂၂:၀၀ Holidate (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Weekly Sports Info
၀၇:၄၅ Weekend News
၁၂:၀၀ AYA Bank Women Futsal League (Yangon City FC Vs Pacific Sun Far FC)
၁၇:၀၀ အားကစားသတင်း

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

❖ ကျောဖုံးမှ

ဇူလိုင် ၇ ရက်မှ ၁၁ ရက်အတွင်း ထိတွေ့မှုဖြစ်စဉ်တွင် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူ သုံးဦး သေဆုံးခဲ့ပြီး ရန်သူ့ထံမှ လက်နက်ငယ်မျိုးစုံ ၁၅ လက်နှင့် ဆက်သွယ်ရေးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ၍ မိမိအရာရှိ၊ စစ်သည်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု အနည်းငယ်ရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ပင်လောင်း-ဖယ်ခုံ-မိုးဗြဲ-လွိုင်ကော် ဆက်သွယ်ရေးလမ်းမကြီးအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သဖြင့် လွိုင်ကော်မြို့မှ ပြည်သူများအနေဖြင့် ဟိုပုံး၊ တောင်ကြီးမြို့နှင့် အောင်ပန်း၊ ကလောမြို့များမှတစ်ဆင့် နေရာဒေသအနှံ့သို့ နှစ်သက်ရာ၊ သင့်ရာ အခက်အခဲက တော်တော်ကြုံရပါတယ်။ ကားလေးတွေလည်း လာလို့မရတော့ဘူး။ ကုန်သွယ်စီးဆင်းမှုလည်း ရပ်သွားတဲ့အခါကျတော့ စားဝတ်နေရေးတွေ၊ ကုန်ဈေးနှုန်းတွေလည်း ကြီးသွားပါတယ်။ ဘာပစ္စည်းမှဝယ်စားလို့ မရဘူး။ ရှိတဲ့ဟာတွေလည်း အလုအယက်ဝယ်စားရပါတယ်။ ကျန်းမာရေးဆိုလည်း လမ်းတွေပိတ်ထားတော့ ချက်ချင်းသွားလို့လာလို့ မရဘူး။ အခက်အခဲတွေ အများကြီးကြုံရတာပေ့ါ။ အရင်လို ဆေးရုံ အမြန်ရောက်ရမယ့် လူနာတွေဆိုလည်း မရောက်ဘူး။ အဓိကက ကလေးသူငယ်တွေ ကျောင်းတွေပိတ်ထားတဲ့အခါကျ ကျောင်းမတက်လိုက်ရဘူး။ ပညာဆက်လက်သင်ကြားခွင့် မရတော့က ကျန်းမာရေးဖြစ်ပါတယ်။ နေမကောင်းတဲ့သူ ဆိုလည်း ဆေးရုံ အမြန်ဆုံးသွားရမယ်ဆိုရင် အချိန်မီပို့လို့ရတယ်။ ပညာရေးဆိုလည်း ကျောင်းပြန်ဖွင့်မယ်ဆိုရင် ကလေးတွေလည်း ပြန်ပြီးတော့ ကျောင်းနေလို့ရတာပေ့ါ။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကအစ အဘက်ဘက်က အကုန်လုံး အဆင်ပြေသွားတာပေ့ါ။ အခုလို လမ်းပွင့်သွားတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ ဘာလို့ဆို ဒေသခံပြည်သူတွေ အကုန်လုံး၊ အားလုံးက ကိုယ့်ရဲ့ဒေသမှာ စည်စည်ကားကားနဲ့ ပြန်လာနေချင်ကြတာ ဆိုတော့ အဲဒီလိုမျိုး အဆင်ပြေသွားရင်တော့ အကောင်းဆုံးပါပဲ။



အကြမ်းဖက်သမားများ ခံစစ်စခန်းပြုလုပ်ခဲ့သည့် ဝါရီကောခူ အထက်တန်းကျောင်း(ခွဲ)အား တပ်မတော်က ပြန်လည်သိမ်းပိုက်ရရှိမှုမှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိလက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



အကြမ်းဖက်သမားများ ခံစစ်စခန်းပြုလုပ်ခဲ့သည့် ဝါရီကောခူဘုရားကျောင်းအား တပ်မတော်က ပြန်လည်သိမ်းပိုက်ရရှိမှုမှတ်တမ်းဓာတ်ပုံ။

ဆက်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် သွားလာနိုင်ကြပြီဖြစ်ကာ လွိုင်ကော်မြို့သို့ ကုန်စည်စီးဝင်၊ စီးထွက်မှုများမှာလည်း ပိုမို လွယ်ကူလျင်မြန်ခြင်းမှတစ်ဆင့် လွိုင်ကော်မြို့နှင့် လက်ရှိပဋိပက္ခဘေးဒဏ်သင့် မြို့ရွာများရှိ ဒေသခံ ပြည်သူလူထုများ၏ အခြေခံစားကုန်၊ လူသုံးကုန်ပစ္စည်းများ ခက်ခဲ၊ ရှားပါးမှု၊ ကုန်ဈေးနှုန်း ကြီးမြင့်မှုတို့မှလည်း အထိုက်အလျောက် သက်သာစေမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ ဝမ်းသာပီတိဖြစ်ရမှုတို့ကိုလည်း ကြားသိရပါသည်-

**အမျိုးသမီး**

ကားလမ်းတွေ ပိတ်သွားတော့ ဘူး။ ခုကားလမ်းတွေ ပြန်ဖွင့်သွားပြီဆိုတော့ ရှေ့လျှောက်ဆိုရင် ကားတွေလာလို့ရပြီ။ ဒေသခံတွေအကုန်လုံးက တောင်သူလယ်သမားတွေဆိုတော့ ဒီမှာ စိုက်ပျိုးထားတဲ့ သီးနှံတွေကိုလည်း ဈေးထဲမှာ ရောင်းလို့ရတယ်။ လာဝယ်တဲ့သူကလည်း ဒီအထိ လာဝယ်လို့ရတာပေ့ါ။ တကယ်လို့ ကိုယ်ပို့ချင်တဲ့ပစ္စည်းတွေဆိုရင်လည်း အောင်ပန်းအထိ သွားပို့လို့ရတယ်။ အဲဒါဆိုရင် ဈေးနှုန်းတွေလည်း ခါတိုင်းထက် ပိုပြီး ကောင်းကောင်းမွန်မွန်ရတယ်။ ချိုချိုသာသာလည်း ဝယ်စားနိုင်တယ်။ ဘာပဲဖြစ်ဖြစ် လိုချင်တာတွေလည်း အကုန်ရမယ်။ အဓိကပြောချင်တာ

**အမျိုးသား**

အခုက ကျွန်တော်က လွိုင်ကော်နဲ့ အောင်ပန်း ပြေးဆွဲနေတဲ့ ကားဆရာဖြစ်ပါတယ်။ လမ်းတွေ တစ်ကွေ့တစ်ပတ် မပတ်ရတော့ ပိုနီးသွားတာပေ့ါ။ လမ်းတွေ ပွင့်သွားတဲ့အတွက် ကျွန်တော်တို့ သွားလာရတာ ကုန်ကျစရိတ် သက်သာသွားတယ်။ ဒီလမ်းပွင့်သွားတော့ ဝမ်းသာပါတယ်။ ကျေးဇူးတင်ပါတယ်။

**အဘွား**

ရွာကနေတောင် ထွက်လို့မရပါဘူး။ ကျွန်မတို့ စစ်ဘေးရှောင်တာတွေလည်း အဝေးကြီးကို ရှောင်ရပါတယ်။ ခုရွာလမ်းတွေလည်း ဖွင့်လာပြီဆိုတော့ ကျွန်မတို့








သွားရေးလာရေးအခက်အခဲတွေ အဆင်ပြေ ချောမွေ့သွားပါတယ်။ သွားလို့လာလို့ လွယ်ကူသွားပါတယ်။ ကုန်ဈေးနှုန်းတွေလည်း ကျဆင်းလာမယ်လို့ ထင်ပါတယ်။ ကျွန်မတို့ရွာမှာလည်း ကျောင်းတွေလည်း ဖွင့်လာပြီ၊ ဆေးပေးခန်းတွေလည်း ဖွင့်လာပြီဆိုတော့ ကျွန်မတို့အတွက် အများကြီး အကျိုးကျေးဇူးတွေရှိလာပါတယ်။ ဖွင့်ပေးဖို့ လုပ်ဆောင်ပေးကြတဲ့ အထက်လူကြီးတွေနဲ့ အားလုံးကို ကျေးဇူးတင်ပါတယ်။ အများကြီးလည်း ဝမ်းသာပါတယ်။ ကျွန်မတို့ သွားလို့လာလို့ လွယ်ကူလာတဲ့အတွက်လည်း အများကြီး ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**



## ဇေယျာသီရိမြို့နယ်၌ မိုးရာသီကာလတွင်ဖြစ်ပွားတတ်သည့် ရောဂါများကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်၌ မိုးရာသီကာလတွင် ဖြစ်ပွားတတ်သည့်ရောဂါများ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ပုပ္ပါးကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်က အမှာစကားပြောကြားပြီး နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာ လှိုင်လှိုင်ဌေးက မိုးရာသီတွင် ဖြစ်ပွားတတ်သည့်ရောဂါများအကြောင်း၊ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားခြင်းနှင့် ဇေယျာသီရိမြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာချစ်ဆုဝေက ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ အဖွဲ့များခွဲ၍ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ် များနှင့် အဘိတ်ဆေးအသုံးပြုပုံများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆေးစိမ်ခြင်ထောင်နှင့် လက်သန့်ဆေးရည်ဘူးများပေးအပ်ပြီး တက်ရောက်လာသည့်ပြည်သူများအား “သွေးလွန်တုပ်ကွေးတိုက်ဖျက်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး” အသိပညာပေးလက်ကမ်းစာစောင်များ၊ ဆေးစိမ်ခြင်ထောင်နှင့် လက်သန့်ဆေးရည်ဘူးများဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်-မိုးဗြဲနှင့် လွိုင်ကော်-ဆီဆိုင်လမ်းပိုင်းများ ပြုပြင်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇူလိုင် ၁၂

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်-ဆီဆိုင်လမ်းပိုင်း ပဒါးညေးကျေးရွာ မိုင်တိုင် ၁၃၅/၄ တွင် Box Culvert တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် လွိုင်ကော်-ဆီဆိုင်လမ်းပိုင်း ကယန်းသာယာကျေးရွာ မိုင်တိုင် ၁၃၈/၂ နှင့် ၁၃၈/၅ အကြား ကွန်ကရစ်လမ်းခင်းခြင်းနှင့် လမ်းရေကျော်မှုမရှိစေရေး ကျောက်စီရေမြောင်း (Side Drain) လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လွိုင်ကော်-မိုးဗြဲလမ်းရှိ ကုန်းသာကျေးရွာသို့ရောက်ရှိကာ ရွာတွင်းလမ်းနှင့် စာသင်ကျောင်း၊ နေအိမ်များအခြေအနေနှင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နွားလပိုးကျေးရွာအုပ်စုရှိ ၃၃/၁၁ ကေဗွီ ငါးအမ်ဗွီအေ ကယန်းသာယာဓာတ်အားခွဲရုံထိန်းချုပ်ခန်းနှင့် Switch Yard များ ထိခိုက်ပျက်စီးခဲ့မှုများကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားခွဲရုံပစ္စည်းများရောက်ရှိပါက ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အမြန်ပြန်လည်ပြုပြင်၍ လွိုင်ကော်စက်မှုဇုန်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အားများပို့လွှတ်နိုင်ရေးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။



ယင်းနောက် အထက(နွားလပိုး)ကျောင်းတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းအတွင်း ပြုပြင်ဆောင်ရွက်ပေးထားသည့် စာသင်ဆောင်၊ စာသင်ခန်းများနှင့် ကျောင်းခန်းမတို့ကို ရေရှည်အသုံးပြုနိုင်ရန်အတွက် စနစ်တကျထိန်းသိမ်းဆောင်ရွက်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန်နှင့် ဆရာ ဆရာမများနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဆန်၊ ဆီများ ထောက်ပံ့ပေးရန်မှာကြားသည်။

ဆက်လက်၍ နွားလပိုးကျေးရွာအုပ်စု မော်ချီးစုစည်းကျေးရွာနှင့် လယ်ထွဲကျေးရွာချင်းဆက်လမ်း အရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လွိုင်ကော်တက္ကသိုလ်နယ်မြေအတွင်းရှိ သုံးထပ်ပင်မဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမနှင့် စာသင်ဆောင်များ၊ တက္ကသိုလ်စာကြည့်တိုက်၊ ဝန်ထမ်းအိမ်ရာများနှင့် ကျောင်းသားကျောင်းသူအိပ်ဆောင်များဝန်းကျင်တွင် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၂

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာနှင့်ပတ်ဝန်းကျင် ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့် ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ စံပယ်ခြံ တပ်ဦးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။




ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်ခြောက်ပါးနှင့် ဒေသခံပြည်သူ ၁၁၅ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ဖျားနာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို မော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျိုက်မရောမြို့နယ်၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်း ဆွေးနွေး

ကျိုက်မရော ဇူလိုင် ၁၂

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ကျိုက်မရောမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးဝင်းနိုင်က ၂၀၂၅ ခုနှစ်အတွက် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသိပညာပေးရှင်းလင်းဆွေးနွေးပြီး အခွန်ထမ်းပြည်သူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ဖြေကြားရှင်းလင်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၇-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၀ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၀ | ၃၀၄၅ | ၃၀၅၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | ၄၅၆၀ | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |
| HSD (500 ppm) | ၂၆၃၅ | ၂၇၅၀ | ၂၇၁၅ | ၂၆၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၈၅ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၀ | ၂၇၂၅ | ၂၇၉၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၃၅ |
| HSD (50 ppm) | ၃၂၆၅ | ၃၃၈၀ | ၃၃၄၅ | ၃၂၈၀ | ၃၃၈၅ | ၃၄၀၀ | ၃၄၂၀ | ၃၃၄၀ | ၄၈၃၀ | ၃၆၃၀ | ၃၃၅၅ | ၃၃၅၅ | ၃၄၂၅ | ၃၃၉၀ | ၃၄၁၅ | ၃၆၇၀ |
| HSD (10 ppm) | ၃၂၆၅ | ၃၃၈၀ | ၃၃၄၅ | ၃၂၈၀ | ၃၃၈၅ | ၃၄၀၀ | ၃၄၂၀ | ၃၃၄၀ | - | ၃၆၃၀ | ၃၃၅၅ | ၃၃၅၅ | ၃၄၂၅ | ၃၃၉၀ | ၃၄၁၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၇၉ |
| 95 Ron | ၂၈၄၂ | ၂၉၃၃ |
| HSD (500 ppm) | ၂၄၇၆ | ၂၅၅၅ |
| HSD (50 ppm) | ၃၀၉၀ | ၃၁၈၁ |
| HSD (10 ppm) | ၃၀၉၀ | ၃၁၈၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## ကချင်ပြည်နယ်ဝန်ကြီးချုပ် ကုံကော်မြိုင်ရွာကွင်းအတွင်း မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စုပေါင်းပျိုးထောင်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲအား တက်ရောက်အားပေး

မြစ်ကြီးနား ဇူလိုင် ၁၂

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်း စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီခွဲက မြစ်ကြီးနားမြို့နယ်အတွင်း မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး၊ ကောက်ကွက်ပြည့်မီရေး တောင်သူအသိပညာပေး စုပေါင်းပျိုးထောင်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲနှင့် ကြက်မွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့နယ် ပလန-၂ (ကုံကော်မြိုင်) ကျေးရွာကွင်းအတွင်း မိုးစပါးပန်းတိုင်အထွက်နှုန်း



ရရှိရေး စုပေါင်းပျိုးထောင်စိုက်ပျိုးခြင်းအခမ်းအနားသို့တက်ရောက်ပြီး ဦးစွာ ကွင်းအတွင်းရှိ မိုးစပါးစိုက်တောင်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က စိုက်ပျိုးသည့် စပါးခင်းများ အထွက်တိုးပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းစနစ်များပေါင်းစပ်စိုက်ပျိုးရမည်ဖြစ်သကဲ့သို့ ကောက်စိုက်ရာတွင်လည်း ကောက်ကွက်ပြည့်မီရေးသည် အဓိကဖြစ်ကြောင်း၊ ကချင်ပြည်နယ်အတွင်း စာရင်းဇယားများအရ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် စပါးစိုက်ဧက ၄၇၄၄၇၇ ရှိသည့်အနက် ပေါင်းပျိုးစနစ်ဖြင့် ဧက ၇၅၀၀၀ ကျော်တွင် တစ်ဧကအထွက်နှုန်း ၈၇ ဒသမ ၉၁ တင်း ရရှိခဲ့သည့်အတွက် ရိုးရိုးပျိုးစိုက်ပျိုးခြင်းထက် တစ်ဧကအထွက်နှုန်းပျမ်းမျှတင်း ၂၀ ပိုမိုထွက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ တောင်သူများအနေဖြင့် ဒေသတွင်းဝမ်းစာဖူလုံပိုလျှံစေမည့်အပြင် ဝင်ငွေတိုးပွားရေးအတွက် ပန်းတိုင်အထွက်နှုန်းရရှိအောင် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားပြီး မိုးစပါးစိုက်တောင်သူများထံ ဓာတ်မြေဩဇာအိတ်များနှင့် ရွက်ဖျန်းအားတိုးဆေးများ၊ ပိုးသတ်ဆေးများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသခံတောင်သူများနှင့်အတူ မိုးစပါးစိုက်ခင်းအတွင်း ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ကောက်ကွက်ပြည့်မီရေးအတွက် တောင်သူအသိပညာပေးသည့်အနေဖြင့် ကောက်စိုက်သမများ၏ စုပေါင်းပျိုးထောင်စိုက်ပျိုးခြင်းကွင်းသရုပ်ပြ စိုက်ပျိုးမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ နွေသီးနှံရာသီက စိုက်ပျိုးထားသည့် နှမ်း ဧက ၁၈၉၅၀ ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ ဇူလိုင် ၁၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ဧက ၁၈၉၅၀ ကို ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက နှမ်း ၅၇၆၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ နှမ်းစိုက်ခင်းများကို ယခုနှစ် ဇွန်လတတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၁၈၉၅၀ အထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် နှမ်း ၇ ဒသမ ၁၂ တင်း ထွက်ရှိကြောင်း သိရသည်။

“ပွင့်ဖြူမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေကို ဇွန်လ တတိယပတ်ကစပြီး ရိတ်သိမ်းခွေလှေ့ခဲ့တာ ဒီနေ့မှာ ဧက ၁၈၉၅၀ အထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေနှမ်းရိတ်သိမ်းတာနဲ့ပတ်သက်ပြီး အချိန်မီရိတ်သိမ်းကြဖို့၊ ရိတ်သိမ်းပြီးတဲ့ နှမ်းတွေကိုလည်း အရည်အသွေးကောင်းမွန်စေဖို့ အမိုးအကာအောက်ကို စနစ်တကျထားသိုထိန်းသိမ်းကြဖို့ နည်းပညာပေးတာတွေ ကြီးကြပ်ဆောင်ရွက်ပေးနေပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသောနှမ်းများသည် အရည်အသွေးကောင်းမွန်ကာ အခြားစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးထွက်ရှိသောနှမ်းများထက် ဈေးကောင်းရရှိခြင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်၍ ဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )**

## မိုးနဲမြို့နယ်၌ မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးလာ

မိုးနဲ ဇူလိုင် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်ရှိ ကျေးရွာအုပ်စုများမှ ကျေးရွာနေပြည်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အများဆုံးလုပ်ကိုင်လျက်ရှိပြီး သီးနှံစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံ မိုးမြေပဲများကိုလည်း စိုက်ပျိုးရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုနှင့် မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ၊မျိုးစေ့ထုတ်စံပြ စိုက်ကွက်များကိုလည်း စိုက်ပျိုးဆောင်ရွက်ထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။




မိုးနဲမြို့နယ်တွင် ၂၀၂၅ ခုနှစ်အတွက် မြေပဲ ဧက ၄၄၀ ကိုလျာထားပြီး ဧပြီလ နောက်ဆုံးပတ်မှ စတင်၍စိုက်ပျိုးလျက်ရှိရာ မျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧကအပါအဝင် ၃၄၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ မိုးမြေပဲကို ဧပြီလနှင့် မေလများတွင် စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် နုတ်ယူခူးဆွတ်ရကြောင်း၊ တောင်သူများအနေဖြင့် ဒေသမျိုးရင်းများကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း၊ မိုးမြေပဲကို အတန်းလိုက်စနစ်ဖြင့်စိုက်ပျိုးပြီး တစ်ဧကလျှင် ငွေကျပ်ခြောက်သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က မြေပဲအခြောက်တောင့်တင်း ၅၂ တင်းကျော် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက မြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြောင်း၊ မိုးမြေပဲ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိသောကြောင့် ယခုနှစ်တွင် မိုးမြေပဲစိုက်ဧကများ လျာထားဧကထက် ပိုမိုတိုးချဲ့စိုက်ပျိုးလျက်ရှိရာ ယခုအချိန်တွင် မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**


## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”

“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”

“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”

## အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

(၁) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် လက္ခဏာများဖြစ်ပွားနေပါက အခမ်းအနားသို့ လာရောက်ခြင်းမပြုရန်၊

(၂) အာဇာနည်နေ့အခမ်းအနား ကျင်းပနေစဉ်တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်းအစရှိသော ကိုဗစ်-၁၉ ရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ခံစားရပါက ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကျန်းမာရေးဆိုင်ရာ အသိပေးချက်၊ သတိပေးချက် များအား လိုက်နာရန်။

**(၇၈) နှစ်မြောက်အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ**

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှ လည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ – ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ – ဓမ္မစေတီ လမ်းဆုံထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့်စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှ လည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၂**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပစိရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၄ မြို့နယ်၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ တိုက်ကြီးမြို့နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး၊ ထန်းတပင်မြို့နယ်ရှိအလုပ်သမားဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးတို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းတို့ စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်ကုန်းမြို့၌ အမှိုက်စနစ်တကျ စွန့်ပစ်နိုင်ရေးနှင့် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးဟောပြော

**တပ်ကုန်း ဇူလိုင် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ်တွင် စွန့်ပစ်အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရေးနှင့် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းချမ်းက မြို့နယ်အတွင်း စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲသိမ်းဆည်းပေးနေမှု၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ကြီးကြပ်ရေးမှူး ဦးအောင်နိုင်မင်းက အမှိုက်အမျိုးအစားခွဲခြား၍ စနစ်တကျစွန့်ပစ်တတ်ရေးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဦးစီးအရာရှိ ဦးအောင်သန့်ကိုက ပလတ်စတစ်သုံးစွဲမှုလျှော့ချနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# စစ်ကိုင်းမြို့တွင် အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ရေး လက်တွေ့သရုပ်ပြခြင်းအခမ်းအနား ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်သည့်စနစ် အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်း အခမ်းအနားကို ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ နှစ် ၇၀၀ အားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးတင်သန်းဝင်းက အမှာစကား ပြောကြားသည်။



ဆက်လက်ပြီး စစ်ကိုင်းခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိကျော်က အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်သည့် စနစ်အကြောင်း ရှင်းလင်းတင်ပြပြီး ဦးစီးအရာရှိ ဒေါ်ကေဇင်စိုး ဦးဆောင်သော အဖွဲ့က ဘေးအန္တရာယ်ရှိသည့် အမှိုက်၊ ပလတ်စတစ်အမှိုက်၊ အမှိုက်ခြောက်၊ အမှိုက်စိုစသည့်အမှိုက် အမျိုးအစား ခွဲခြားစွန့်ပစ်သည့် စနစ်ကို လက်တွေ့သရုပ်ပြသခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် ပြည်သူများက အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်းကို လက်တွေ့ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း**



**အာဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါ ပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း**




## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။

❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။

❖ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။

❖ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။

❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။

❖ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

❖ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

❖ အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး(၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့် တစ်ဦး(၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။

❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။

❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။

❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

❖ အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။

❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။

❖ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။

❖ ဗဟန်းမြို့နယ် နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။

❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။

❖ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့် တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။

❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကိုတိကျစွာ လိုက်နာဆောင်ရွက်ရန်။

❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။

❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။

❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။

❖ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။

❖ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။

❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။

❖ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

❖ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့် အညီ လိုက်နာဆောင်ရွက်ရန်။

❖ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။

❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။

❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။

❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

ဝတ္ထုတို




# ဆောင်းမာန်ဝင့်အောင် (တောင်ကြီး)

(၁)

ဘုရားခန်းခြေရင်းလေးမှာ အရုပ်ကြိုးပြတ်သလို နှင်းနုတစ်ယောက် ပုံလျက်ကျသွားတော့သည်။ ပြောချင်သည့်စကားတွေ မပြောလိုက်ရဘဲ မျိုသိပ်ထားရတာမို့ ရင်ထဲမှာ ပို၍မွန်းကျပ်နေသည်။ ဘုရားစင်ကိုမော့ကြည့်၍ စိတ်ထဲအကြိမ်ကြိမ် ဆုတောင်းနေမိသည်။ မျက်ရည်တွေက ဒလဟောကျဆင်းလာတာမို့ဝေဒနာအချို့တစ်ဝက်သက်သာသွားရသည်။မဖြစ်နိုင်ဘူးဆိုတာ ငြင်းမရတာမို့ ရင်ထဲမှာ တဆစ်ဆစ်နာကျင်နေမိသည်။ ဆိုးလွန်းသည့် မိမိကံကြမ္မာကိုလည်း အပြစ်တင်မဆုံး။ လူ့လောကကြီးမှာ အသက်ရှင်ရပ်တည်ဖို့အတွက် ဘယ်လိုရှေ့ဆက်ရမလဲဆိုတာကိုပဲ တွေးမိသည်။ တွေးမိတိုင်း ရင်ကွဲမတတ်ခံစားရသည်။ မိမဲ့ဖမဲ့တစ်ကောင်ကြွက်ဘဝဖြင့် အသက်ရှင်နေထိုင်ရတာတောင် ဆိုးလွန်းသည့်ကံကြမ္မာတွေက ထပ်ဆင့်နှိပ်စက်လာတာမို့ ပြိုလဲပျက်စီးသွားချင်မိသည်။ အငွေ့တစ်ခုအဖြစ် အဝေးသို့ လွင့်မျောသွားချင်မိသည်။

ကံကြမ္မာက မျက်နှာသာမပေးလေလေတော့ အနှောင်အဖွဲ့ဝဋ်ကြွေးကြီးကို လောကကြီးက ပေးသလောက် ရင်ဆိုင်ရဦးမည်။ ခုချိန်မှာ ပတ်ဝန်းကျင်ဆိုတာကြီးကို မျက်နှာပြဝံ့ဖို့ မရဲသည့်အခြေအနေမို့ အိမ်တွင်းအောင်းနေနေရတာ ဆယ်ရက်ကျော်ရှိပြီဖြစ်သည်။ အစားအသောက်အတွက် သူ့ကြည့်မရသည့် မောင်ညိုက လာလာပို့ပေးနေတာမို့ အတင်းငြင်းလွှတ်ပြောဆိုတာတောင် မနာနိုင်တာ အံ့သြမိသည်။ စိတ်ထဲရှိသည့်အတိုင်းဆိုလျှင် နှင်းနု သည်အရပ်ကနေ ဝေးရာကို ထွက်ပြေးသွားချင်မိသည်။ ခုတော့ မပေါ့မပါး ကိုယ်လေးလက်ဝန်ကြီးဖြင့် လူတကာမေးငေါ့တာကိုခံရဖို့နေ့ရက်တွေကို စတေးခံနေရသည်။

မွန်းကျပ်နေသည့်စိတ်ကို ဖြေသိမ့်ဖို့ရာက အားကိုးစရာ ဆွေမျိုးရင်းချာကလည်း အနားမှာ ဘယ်သူမှမရှိပေ။ လူမှန်းသိတတ်စကတည်းက အဖေတော်ခဲ့ရသူ။ မိခင်ဖြစ်သူကလည်း နှင်းနု အသက်ဆယ့်ခြောက်မှာ ဆုံးပါးသွားလေတော့ အားကိုးမှီခိုစရာသည် မိမိကိုယ်တိုင်သာဖြစ်ခဲ့သည်။ ကြုံရာကျပန်း လုပ်ကိုင်ရင်း အိမ်နီးချင်း မောင်ညိုတို့သာ သူ့အတွက် ခင်ရာဆွေမျိုးဖြစ်ခဲ့သည်။ ခုတော့ အင်မတန်မုန်းတီးစရာကောင်းတဲ့ ရန်သူတွေလိုဖြစ်နေပါပြီ။ မမြင်ချင်၊ မတွေ့ချင်သည့် စက်ဆုပ်ရွံရှာစရာ သတ္တဝါတွေလို့ သတ်မှတ်ထားတာမို့ နှင်းနု မျက်နှာချင်းဆိုင်ဖို့ပင် ဝန်လေးနေပြီဖြစ်သည်။ ဘုရားစင်ရှေ့မှာထိုင်နေတာ အတော်ကြာနေပြီမို့ အိပ်ခန်းထဲဝင်လာလိုက်သည်။ နာရီကြည့်လိုက်တော့ ညဉ့်တစ်နာရီတောင် ထိုးနေပြီးဖြစ်သည်။ အိပ်မပျော်သည့်ရက်က များနေပြီမို့ ဒီညလည်း အတွေးများစွာဖြင့် ကုန်ဆုံးတော့မည်ဟု ထင်မိသည်။

(၂)

"နှင်းနု နင်နေလို့ကောင်းရဲ့လားဟာ"

မောင်ညို၏ အမေးစကားကြောင့် နှင်းနု မဲ့ပြုံးလေးပြုံးလိုက်မိသည်။ မျက်နှာငယ်လေးဖြင့် မေးနေရှာပေမယ့် နှင်းနု သူတို့မျက်နှာတွေကို မကြည့်ချင်ပေ။ မြင်ရပါများတော့ နာကျည်းချက်တွေက ပိုပိုလာတာမို့ ရင်ထဲမှာ နင့်လို့သာနေသည်။

"နင်တို့မျက်နှာတွေ မမြင်ရရင် ငါနေလို့ကောင်းတယ်။ ဒါကြောင့် ငါနဲ့ ဝေးဝေး နေပေးကြပါ"

"နှင်းနုရာ ငါတောင်းပန်ပါတယ်။ နင့်ခံစားချက်တွေကို ငါနားလည်ပါတယ်ဟာ နင်ဘယ်လောက်ခံစားနေရမှန်း ငါသိပါတယ်။ ဒါပေမယ့် ခု နင်က မပေါ့"

"တိတ်လိုက်တော့ ဆက်မပြောနဲ့ ငါမကြားချင်ဘူး။ နင့်အဖေရဲ့ အမျိုးယုတ်သွေးကို ငါဖောက်ထုတ်ပစ်ချင်တာ၊ ဝမ်းနဲ့လွယ်ထားရတာ မသတီဘူးဟဲ့"

မျက်ရည်တွေ အသွင်သွင်စီးကျကာ ရင်ထုမနာဖြစ်နေသည့် နှင်းနုကိုကြည့်ပြီး မောင်ညိုလည်း မျက်ရည်တွေ စီးကျလာတော့သည်။ အရင်တုန်းကတော့ အခင်ဆုံးသူငယ်ချင်းတွေ။ အခုတော့ မုန်းတီးနာကျည်းချက်တွေနှင့် နေ့ရက်တိုင်းကို ဖြတ်ကျော်နေရတာ မောင်ညိုကိုယ်တိုင်လည်း ပင်ပန်းလွန်းနေပြီဖြစ်သည်။

"ငါတောင်းပန်ပါတယ် နှင်းနုရာ နင့်အတွက်ဆို ငါဘာလုပ်ပေးရပေးရပါဟာ။ စိတ်ချ နင့်ဘဝတစ်ခုလုံးအတွက် ငါတာဝန်ယူတယ်။ နင့်ဝမ်းထဲက လွယ်ထားတဲ့ကလေးကိုတော့ ဂရုစိုက်ပေးပါဟာ။ငါ ရှိခိုးတောင်းပန်ပါတယ်"

"ဟား ဟား"

မောင်ညိုစကားကြောင့် နှင်းနု ဟားတိုက်ရယ်မောလိုက်တော့သည်။ အထင်သေးသည့် မျက်ဝန်းတစ်စုံဖြင့် အကြာကြီးစိုက်ကြည့်တာကို မောင်ညို တာရှည်ခံနိုင်ပုံမပေါက်ပေ။ နှင်းနု စားဖို့ ဝယ်လာသည့် မုန့်နှင့်အိုဗာတင်းဘူးကြီး ထားကာ ထထွက်သွားတော့သည်။

"နင့်ပုံစံနဲ့များ ငါ့ဘဝကြီးတစ်ခုလုံးကို တာဝန်ယူမယ် ဟုတ်လားမောင်ညို ဟားတိုက်လို့ရယ်မောလိုက်ချင်တယ်ဟာ ဟား ဟား မိုးနဲ့မြေကြီးသာထိလို့ သွားမယ်။ ငါ့ဘဝတစ်ခုလုံးကို စိတ်ချမ်းသာအောင် ထားနိုင်မယ်ဆိုတဲ့စကားဟာ သည်ဘဝအတွက်တော့ မဖြစ်နိုင်ဘူးဟဲ့"

နှင်းနုတစ်ယောက် အားကုန်အော်ဟစ်လိုက်ရင်း အရှေ့မှာရှိနေသည့် မုန့်နှင့် အိုဗာတင်းဘူးကြီးကို နံရံသို့ ပစ်ပေါက်လိုက်တော့သည်။

(၃)

"ဟဲ့ ကလေးမလေးက သနားစရာပေါ့အေ။ လင်ကောင်မပေါ်ဘဲ ကလေးမွေးရတော့မှာ။ ဟိုသေနာကျက ခြေတော်တင်ပြီး ဆုံးသွားတာလေ။ သေခါနီး ရိက္ခာယူသွားတာပေါ့"

"ခုတော့ သူ့သားလေးကပဲ ရှာကျွေးနေရတာပေါ့"

"ဒါပေါ့တော် နှစ်အိမ်တစ်အိမ်နေကြတာပဲ။ ခုတော့ ကမ္ဘာပျက်သလို အဖြစ်ဆိုးတွေကြုံလာလေတော့ ကံစီမံရာပေါ့တော်"

"ကလေးမလေးက ကလေးဖျက်ချဖို့ လုပ်တာ အကြိမ်ကြိမ်ပဲ။ မောင်ညိုဆိုတဲ့ ကောင်လေးက အရိပ်တကြည့်ကြည့် လုပ်နေရတယ်လေ"

"အိုအေ ဖြစ်မှဖြစ်ရလေ"

အများပြောစကားတွေက ကြားရဖန်များတော့ မောင်ညို မတုန်လှုပ်တော့ပေ။ အရင်က အခန်းငှားနေသည့် နေရာလေးကို အဖေမရှိတော့တာမို့ ပြန်အပ်လိုက်သည်။ နှင်းနုအိမ်မှာပဲ နေလိုက်တော့သည်။ ညအိပ်လေးပဲ နေဖြစ်တာများသည်။ မနက်အစောထကာ ဈေးထဲမှာ ကုန်ထမ်းရတာမို့ ပင်ပန်းပေမယ့် မညည်းရဲပေ။ အဖေပေးခဲ့သည့် ဝဋ်ဒုက္ခကို သူ့ချွေးဖြင့် ဆပ်မည်ဟု ဆုံးဖြတ်ထားသည်။ နှင်းနုကတော့ မကြည်ဖြူနိုင်ပေ။ မုန်းတီးချင်စရာကောင်းအောင် အဖေက ပြုမူခဲ့တာမို့ ပတ်ဝန်းကျင်ပြောစကားရော၊ နှင်းနုအမုန်းတွေကိုပါ ခါးစည်းခံရပေတော့မည်။

"မောင်ညို ညပိုင်းကုန်ချမှာ လိုက်ဦးမှာလား"

"လိုက်မှာပေါ့ဗျာ၊ ငွေလိုတယ်ဗျ"

"ဟာ ငါ့ကောင်ကတော့ ကြိုးစားတယ်ဟေ့။ မိန်းမနဲ့ကလေးအတွက်ပေါ့"

"ဟာဗျာ"

ဦးတိုးမောင်စကားကြောင့် မောင်ညို ရှက်သွေးဖြာသွားရသည်။ ရင်ထဲမှာ အမျိုးအမည်မသိသော ခံစားချက်ကြီးက သူ့ရင်ကို လှုပ်ခတ်သွားတော့သည်။ မိန်းမနှင့်ကလေးဆိုသည့်စကားက သူ့ရင်ကို ဗလောင်ဆူသွားစေသည်။ မောပန်းနေသည့် အတွေးစိတ်တွေတောင် ထိုစကားကြောင့် ရင်ထဲအေးမြသွားတော့သည်။ ပုဆိုးတိုတိုပြင်ဝတ်ကာ ပြောင်းဖူးအိတ်တွေချရမှာမို့ မောင်ညို အပြေးသွားလိုက်မိသည်။

(၄)

နှင်းနု ယောကျ်ားလေးမွေးတော့ မောင်ညို ပျော်လိုက်တာ အိမ်ကြမ်းခင်းပါကျိုးကျသည်။ ကိုယ့်သွေးသားလေး လူ့လောကကြီးထဲ ရောက်လာပြီမို့ ကြည်နူးမှုက တားဆီးမရပေ။ နှင်းနုကတော့ သူတို့ကို အမုန်းကြီးမုန်းနေရှာသည်။ အဖေ့ရဲ့ မိုက်ပြစ်အရိပ်မည်းကြီးက ခုချိန်ထိ အုပ်မိုးထားဆဲမို့ မောင်ညိုကိုယ်တိုင် ကျေကျေနပ်နပ်ကြီးခံယူမိသည်။ နှင်းနု ပြောသမျှ ဆိုသမျှကို တစိုးတစိမျှစိတ်ဆိုးမှုမပြုခဲ့ပေ။

"ငါမသတီတဲ့သွေးကို ငါ့ကိုယ်ထဲက ထုတ်လိုက်ပြီးပြီမို့ ငါတာဝန်ကျေပြီ။ အကြိမ်ကြိမ်ငါဖျက်ချဖို့ ကြိုးစားခဲ့တာ မအောင်မြင်ခဲ့ဘူး။ ခုတော့ လူ့လောကထဲကို ခြေရာချလာပြီ။ ငါမပတ်သက်ချင်ဘူး ခုချက်ချင်းခေါ်သွား"

နို့ဆာလွန်း၍ အာခေါင်ခြစ်ကာ ငိုနေသော မွေးခါစကလေးလေးကိုကြည့်၍ မောင်ညိုအပါအဝင် လက်သည်ဒေါ်တုတ်ပါ မျက်ရည်ကျရတော့သည်။ အတင်းချော့မော့ပြောကြပေမယ့် ခေါင်းမာလွန်းသော နှင်းနုကို လက်မြှောက်အရှုံးပေးရတော့သည်။

"ဟဲ့မောင်ညို နို့ဘူးနဲ့နို့မှုန့် သွားဝယ် ဒီအတိုင်းဆို ကလေးဒုက္ခရောက်လိမ့်မယ်"

"ဟုတ် ဟုတ်"

မောင်ညို တစ်ယောက် မျက်ရည်တွေ အပြည့်ဖြင့် အပြင်ဘက်သို့ ပြေးထွက်သွားတော့သည်။ နှင်းနု နှုတ်ခမ်းကို တွန့်လိုက်ကာ နာနာကျည်းကျည်းပြုံးလိုက်သည်။ အာခေါင်ခြစ်ကာငိုနေသည့် ကလေးငိုသံက သူ့ရင်တစ်ခုလုံးကို ဖြောင်းဆန်စေသည်။ သို့သော် ဥပေက္ခာပြုလို့ မျက်နှာလွှဲထားမိသည်။ သားမြတ်တစ်ခုလုံး နာကျင်ကိုက်ခဲလာပြီး နို့ရည်ကြည်တွေက စိမ့်ထွက်နေသည်။ ဟန်ဆောင်မာန်တင်းလို့ ကျောခိုင်းထားပေမယ့် ရင်ထဲမှာ တဆစ်ဆစ်နာကျင်နေ၏။

"မငိုနဲ့ နှင်းနု နင်မငိုနဲ့။ အဲဒါ နင့်သွေးသားဆိုပေမယ့် အလိုမတူဘဲ အနိုင်ကျင့်ခံခဲ့ရတာ။ လူယုတ်မာသွေးတွေ စီးဆင်းနေတာ။ အမျိုးယုတ်သွေး နင့်သွေး မဟုတ်ဘူး"

ခေါင်းကို အသွင်သွင်ခါယမ်း၍ နှင်းနုတစ်ယောက် ပေါက်ကွဲနေမိသည်။

"သမီးရယ် ဖြစ်ပြီးခဲ့တာတွေမေ့လိုက်ပါ။ ကလေးမှာ အပြစ်မရှိပါဘူးကွယ်။ ဘယ်လောက်သနားဖို့ ကောင်းလဲ။ ကြည့်စမ်းသမီး မိခင်နို့ရည်ကို ဆာနေရှာတာပါ။ မိမရှိလို့ မသောက်ရဘူးဆို ဖြေသာနိုင်ပါတယ်ကွယ်။ ခုတော့ ဒေါ်တုတ်မြင်ရတာ စိတ်ချမ်းမသာဘူးကွယ်"

အငိုမျက်ရည်တွေဖြင့် ပြောနေသည့် ဒေါ်တုတ်စကားက နှင်းနုရင်တစ်ခုလုံးကို သံချွန်ကြီးဖြင့်ထိုးလိုက်သလို ခံစားရသည်။ ဖြူဖြူဖွေးဖွေးကလေးလေးက ငိုရှာလွန်းလို့ အသံပင်မထွက်တော့ချေ။ နှင်းနု ဒေါ်တုတ်လက်ထဲက ကလေးကို ဆွဲယူလိုက်ကာ ရင်ခွင်ထဲထည့်လို့ တင်းတင်းကြပ်ကြပ် ဖက်ထားလိုက်မိသည်။

(၅)

အပြင်ကပြန်လာသည့် မောင်ညို တစ်ယောက် အိမ်ခန်းထဲကမြင်ကွင်းကို ကြည့်ပြီး အပျော်မျက်ရည်တွေ ကျဆင်းလာတော့သည်။ နှင်းနုရယ်လေ သူ့သွေးသားလေးကို ရင်ခွင်ထဲထည့်ပြီး နို့ချိုတိုက်ကျွေးနေတာက ဘယ်ပန်းချီရေးလို့မှ မမီသည့် မြင်ကွင်းလေးမဟုတ်ပါလား။ ဒေါ်တုတ်တစ်ယောက်လည်း အပျော်မျက်နှာဖြင့် ငေးကြည့်နေရှာသည်။

နှင်းနုမျက်နှာပေါ်မှာ အပျော်တွေ မြင်နေရသည်။ အမုန်းတရားတွေ ကွာကျလို့ တော်ဝင်ပန်းလိုလန်းဆန်းလို့နေသည်။ နှင်းရည်ဆွတ်ဖျန်းထားသည့် ပန်းလို အမြင်သင့်လှသည်။ ကြာကြာငေးကြည့်လေလေ ရင်ထဲကြည်နူးလေးမို့ မောင်ညို့ မျက်နှာပေါ်ဝယ် သကာရည်လောင်းထားသလို ပြုံးပျော်လို့နေသည်။

နှင်းနု ရင်ထဲမှာလည်း ကြည်နူးလို့နေသည်။ သီတာရေစင်လို သားလေး မျက်နှာက အမုန်းတရားတွေခွာချကာ အာဃာတအငြိုးတွေ ပြေပျောက်အောင် စွမ်းအားကြီးသွားပြီမို့ စိတ်မှာ ကြည်လင်ရှင်းသန့်လို့နေသည်။ မိခင်နို့ရည်ကို အငမ်းမရသောက်နေသည့် သားလေးကို ငေးကြည့်ရင်း ရင်ထဲအပူတွေ ကွယ်ပျောက်ကာ တငြိမ့်ငြိမ့်စီးဆင်းလာသည့် မေတ္တာရေစီးကြောင်းကြီးက နှင်းနု ရင်ထဲကို တဖြည်းဖြည်းတိုးဝင်လာတော့သည်။ ။

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာစသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီးစာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့်စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## ပညာ ဟူသည်

✦ ပညာသည် မြတ်ရွှေအိုး
ဘယ်လူမျိုး မခိုးနိုင်ပါ၊
ငယ်ရွယ်စဉ် လူငယ်များ
ကြိုးစားဖွေရှာ။
စာအုပ်များ ဖတ်လေ့လာ
အတတ်ပညာ ကုန်စင်သိ၊
ပညာသည် ရတနာမျိုး
တန်ဖိုးဂုဏ်ရှိ။

✦ အမှားအမှန် ခွဲခြားကြည့်
ကြောင်းကျိုးညီ အဖြေရှာ၊
ပညာသည် လမ်းမှန်ပြ
မိဘပမာ။
ဒုက္ခအခက်အခဲ ရင်ဆိုင်ရာ
လွယ်ကူစွာ ကျော်လွှား၊
မြတ်ပညာ ဂုဏ်ကျေးဇူး
အထူးမြင့်မား။

✦ လောကဝယ် မြတ်လူသား
ပညာများ ပြည့်ဝလျှင်၊
အရာရာ မြင်သမျှ
လှပ စိတ်ဘဝင်။
နှလုံးသားနဲ့ စိတ်ဖြူစင်
ပတ်ဝန်းကျင် ငြိမ်းချမ်းအေး၊
ပညာသည် မိတ်ဆွေစစ်မို့
ချစ်ထိုက်ဖွယ်လေး။ ။

ချစ်သက်(မြန်မာစာ)

## သစ်ပင်စိုက်ကြစို့

✻ ကမ္ဘာမြေ ဘေးမခ
အေးမြဖို့ လိုအပ်ပေ၊
သစ်ပင်ကို ချစ်ခင်လို့
နှစ်စဉ်စိုက်လေ၊
အရိပ်လည်းရ အေးမြပေ
ဘေးမခစေ လူအများ၊
မြေစိုချိန် မိုးကာလမှာ
စိုက်ကြစို့လား။

✻ ကမ္ဘာမှာ ရက်မြတ်ရွေးလို့
သတ်မှတ်ပေး အချိန်ခါ၊
နိုင်ငံပေါင်းစုံ ညီညွတ်မှုဖြင့်
ပေါင်းစုလို့သာ၊
"ဇူလိုင်လ ခုနစ်ရက်"မှာ
သစ်ပင်စိုက်ပျိုးကာ လှုံ့ဆော်ပေး၊
တို့ကမ္ဘာ ဘေးမသန်းဖို့
အေးချမ်းစေရေး။

✻ မုန်တိုင်းဒဏ် တားဆီးပေးလို့
အားမကြီးရေး ကာကွယ်ကာ၊
ဂေဟစနစ်ကို ထိန်းသိမ်းပေးလို့
အေးငြိမ်းရန်ခွာ၊
ရေတိုက်စားမှု ကာကွယ်ကာ
လေထုပါ သန့်စင်ပေး၊
သစ်ပင်ကို တို့နယ်တစ်ဝိုက်
စိုက်ပျိုးစို့လေး။ ။

ပန်းမာလာ

ဆောင်းပါး

# စာဖတ်ခြင်းဖြင့် ဘဝတန်ဖိုးမြှင့်တင်ကြပါစို့

**မောင်ချမ်းမြေ့(ပညာရေး)**

"စာပေမြင့်မှ လူမျိုးတင့်မည်" ဆိုသည့် ဆောင်ပုဒ်သည် စာဖတ်ခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးတရားများကို လူသားအားလုံး သိရှိလိုက်နာကျင့်သုံးကြစေရန် လမ်းညွှန်မီးမောင်းထိုးပြထားခြင်းပင်ဖြစ်ပါသည်။ စာဖတ်ခြင်းသည် လူသားတို့၏ ဘဝတန်ဖိုးကို ပြောင်းလဲစေပါသည်။ ထို့ပြင် မိမိနေထိုင်ရာ ပတ်ဝန်းကျင်၊ ရပ်ရွာ၊ မြို့မှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်များတွင်လည်း နိုင်ရာဝန်ကိုထမ်း၍ တစ်ဖက်တစ်လမ်းကနေ သယ်ပိုးနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်များတွင် လူငယ်ကဏ္ဍသည် အရေးပါလှပါသည်။ လူငယ်တွေ လမ်းမှန်လျှောက်မှ နိုင်ငံ၏အနာဂတ်သည် လှပမည်ဖြစ်ပါသည်။ လူငယ်တွေ လမ်းမှားလျှောက်ပါက နိုင်ငံ၏အနာဂတ်သည် မလှပနိုင်တော့ပေ။ သို့ဖြစ်၍ လူငယ်များအနေဖြင့် စာဖတ်ကြရန် လွန်စွာအရေးကြီးလှပေသည်။

ညီညွတ်သည် စာတိုပေစများကို တွေ့ရာနေရာတွင် ဖတ်မှတ်လေ့ရှိပါသည်။ မိတ္ထီလာကန် ကျိုးပေါက်၍ ကိုယ်တိုင်လာရောက်ကာ ကန်တော်မင်္ဂလာပြုခြင်းအမှုကို ကြီးကြပ်နေသော မင်းကြီးက ကန်ပေါင်ပေါ်ရှိ နတ်ကွန်းအနီး အလွန်လှပသော အမျိုးသမီးရုပ်တစ်ရုပ်၏သမိုင်းကြောင်းကို မေးမြန်းရာ စာတိုပေစများကို ဖတ်မှတ်လေ့ရှိသည့် ညီညွတ်လျှင် တိကျသေချာစွာ ဖြေကြားနိုင်ခဲ့လေသည်။ ထိုအခါ မင်းကြီးက ညီအား သဘောကျ၍ ပညာရှိအရာ ခန့်အပ်ခဲ့ရာမှ နောင်တွင် ဝန်ဇင်းမင်းရာဇာဆိုသည့် ပညာရှိအရာဘဝကို စာတိုပေစဗဟုသုတအသိဖြင့် အောက်ခြေဘဝမှ ထိပ်ဆုံးသို့ ရောက်ရှိခဲ့လေသည်။

ဗဟုသုတပြည့်ဝသူများသည် တွေးတောဆင်ခြင်နိုင်စွမ်းရှိကာ ကိစ္စအထွေထွေကိုလည်း မှန်ကန်စွာဆုံးဖြတ်ချက်ချ၍ လွယ်ကူစွာ ဖြေရှင်းနိုင်ကြပါသည်။ ဗဟုသုတ မပြည့်ဝသူများသည်ကား အရာရာတွင် တွန့်ဆုတ်ကာ အများတကာပြောသမျှ ခေါင်းညိတ်ထောက်ခံခြင်းဖြင့် ဟုတ်လိမ့်နိုးနိုးဖြင့် လက်ခံနေကြသည်သာ ဖြစ်ပေသည်။ ထို့ကြောင့်

> ✻ ဗဟုသုတပြည့်ဝသူများသည် တွေးတောဆင်ခြင်နိုင်စွမ်းရှိကာ ကိစ္စအထွေထွေကိုလည်း မှန်ကန်စွာဆုံးဖြတ်ချက်ချ၍ လွယ်ကူစွာဖြေရှင်းနိုင်ကြ
>
> ✻ ဗဟုသုတမပြည့်ဝသူများသည်ကား အရာရာတွင် တွန့်ဆုတ်ကာ အများတကာ ပြောသမျှ ခေါင်းညိတ်ထောက်ခံခြင်းဖြင့် ဟုတ်လိမ့်နိုးနိုးဖြင့် လက်ခံနေကြသည်သာဖြစ်
>
> ✻ စာအုပ်စာပေ များများဖတ်ကာ ဗဟုသုတများပြည့်ဝအောင် လေ့လာမှတ်သားရမည်

စာအုပ်စာပေ များများဖတ်ကာ ဗဟုသုတများ ပြည့်ဝအောင် လေ့လာမှတ်သားရမည်ဖြစ်ပါသည်။

စာဖတ်ခြင်းသည် စိတ်ကိုတည်ငြိမ်မှုရှိစေပြီး အမှန်၊ အမှားကို ကျိုးကြောင်းဆီလျော်စွာ ခွဲခြားဆုံးဖြတ်နိုင်သော လမ်းညွှန်ဗဟုသုတများစွာ ရရှိနိုင်ပါသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသည်တို့အပြင် ယနေ့ခေတ် Facebook၊ Google စသည့် လူမှုကွန်ရက်များတွင်လည်း စာဖတ်ခြင်း ပြုလုပ်နိုင်ပါသည်။ သို့ရာတွင် သစ်ဆန်းလာသော လူမှုကွန်ရက်များတွင် လူငယ်များအနေဖြင့် စာပေဖတ်ရှုလေ့လာခြင်းသည်ကား အားနည်းလျက်ရှိပါသည်။

ယနေ့ခေတ် လူငယ်များတစ်ယောက်ချင်းစီတွင် ကိုယ်ပိုင်ဖုန်းများရှိကြပါသည်။ ဖုန်းကိုယ်စီရှိကြသော်လည်း မိမိ၏သင်ခန်းစာနှင့်သက်ဆိုင်သောအကြောင်းအရာများ၊ ဗဟုသုတများကို ရှာဖွေမှတ်သားခြင်း အလျှင်းမရှိ။ မြင်တွေ့ရသမျှသည်ကား အချိန်ပြည့် ဂိမ်းဆော့ကစားနေကြခြင်းပင်ဖြစ်သည်။ ထိုသို့ ဂိမ်းဆော့နေသူများ၏ နှုတ်ထွက်စကားများသည်လည်း ရိုင်းပျသောအသုံးအနှုန်းများ ဖြစ်သောကြောင့် လူအများ၏ ကဲ့ရဲ့ရှုတ်ချခြင်း ခံရမည်ဖြစ်ပေသည်။

"အချိန်ရှိခိုက် လုံ့လစိုက်" ဟုဆိုသည့်ဆောင်ပုဒ်အတိုင်း လူငယ်များသည် ကိုယ်ပိုင်ဖုန်းသုံးခြင်းကို အကျိုးရှိရှိ အသုံးချသင့်ပါသည်။ Facebook လူမှုကွန်ရက်ပေါ်တွင်လည်း နိုင်ငံတော်မှ ထုတ်ပြန်သော သတင်းများ၊ ရှေးစာဆိုပညာရှင်များ၏ ဆုံးမစာများကို ဖော်ပြသောပို့စ်များစသည့် မှတ်သားထိုက်ရာ အကြောင်းအရာများကို လေ့လာဖတ်ရှုနိုင်ပါသည်။ ထိုသို့လေ့လာဖတ်ရှုခြင်းဖြင့် ပြင်ပ သုတ၊ ရသများစွာ ရရှိ၍ မိမိအတွက် အကျိုးရှိမည်ဖြစ်ပါသည်။

စာဖတ်ခြင်းဖြင့် ဘဝတန်ဖိုး ထိပ်ဆုံးသို့ရောက်ရှိသွားသော သာဓကဖြစ်ရပ်များ ရှိခဲ့ပါသည်။ မိတ္ထီလာနယ် ဝန်ဇင်းအမည်ရှိသော ရွာကလေးမှ သာမန်လယ်သမား သူရင်းငှားဘဝဖြင့် အသက်မွေးရသော ညီညွတ်သည် စာတိုပေစများကို တွေ့ရာနေရာတွင်

စာဖတ်သည်ဟု ဆိုရာတွင်လည်း ဖတ်ရုံမျှနှင့် မပြီးသေးပေ။ စာရေးသူ မှတ်သားလက်ခံကျင့်သုံးနေသော စာဖတ်ခြင်းအလေ့အကျင့်တစ်ခုကို ဝေမျှလိုပါသည်။ စာဖတ်ခြင်း အဆင့် (၄)ဆင့်ဖြစ်သည့် R2၊ A2 ဖြစ်ပါသည်။

(၁) R1(Read) – စာဖတ်ခြင်းဖြစ်သည်။ စာတစ်ပုဒ်ကို အပြန်ပြန်အလှန်လှန် နားလည်အောင်ဖတ်ရပါမည်။

(၂) R2(Rethink)– ပြန်၍ စဉ်းစားတွေးတောခြင်းဖြစ်သည်။ ဖတ်ပြီးသည့်စာပုဒ်၏ အကြောင်းအရာသည် မှန်သည်လော၊ မှားသည်လောပင်ဖြစ်ပါသည်။

(၃) A1 (Analyze) – စိစစ်ဝေဖန်ပိုင်းခြားခြင်းဖြစ်သည်။ ဖတ်ပြီးသည့်စာပုဒ်သည် မိမိအတွက် အကျိုးရှိခြင်း၊အကျိုးမရှိခြင်းကို သုံးသပ်ခြင်းပင်ဖြစ်ပါသည်။

(၄) A2 (Apply) – အသုံးချခြင်းပင် ဖြစ်ပါသည်။ ဖတ်ပြီး မှတ်သားထားသမျှ သုတ၊ ရသများကို မိမိ၏ လက်တွေ့ဘဝတွင် အသုံးချခြင်းပင်ဖြစ်ပါသည်။

စာရေးသူ ဖော်ပြခဲ့သော၊ စာရေးသူကိုယ်တိုင် လက်ခံကျင့်သုံးလျက်ရှိသော စာဖတ်ခြင်းအဆင့် (၄) ဆင့်သည် လူငယ်မောင်မယ်များ လိုက်နာလက်ခံကျင့်သုံးမည်ဆိုပါက လူငယ်မောင်မယ်များ၏ ဘဝတန်ဖိုးသည် အကျိုးရှိမည်ဟု ထင်မြင်မိပါသည်။

ထို့ကြောင့် "စာအုပ်စာပေ လူ့မိတ်ဆွေ" ဟု ဆိုသည့်အတိုင်း အချိန်ကိုအကျိုးရှိစွာ အသုံးချ၍ စာဖတ်ခြင်းဖြင့် ဘဝတန်ဖိုးမြှင့်တင်ကြပါစို့ဟု ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

## အာဇာနည်နေ့ သင်ခန်းစာ

❒ အာဇာနည်နေ့ ရောက်ချိန်ခါ
အလေးပြုကြမှာ
တို့များရင်မှာ မမေ့ကြ
ဦးညွတ်ဂါရဝ... ။
နယ်ချဲ့တို့က တွေးမိုက်ကြံ
သပ်လျှိုသွေးခွဲပြန်
စည်းလုံးပျက်ရန် မြဲစဉ်းစား
ခလောက်ဆန် စိတ်ထား... ။

❒ လွတ်လပ်ရေးအား ရဖို့ကို
လပိုင်းမျှသာလို
ခေါင်းဆောင်များကို ဆုံးရှုံးရ
နှမြောမိတယ်ဗျ... ။
ဇူလိုင်လရဲ့ ၁၉ မှာ
မိုးဖွဲလေးများရွာ
အာဇာနည်များ အသက်ပေး
ဝမ်းနည်းရ ပူဆွေး ... ။

❒ သင်ခန်းစာပေး တို့တစ်တွေ
အေးအတူပူအမျှနေ
မစည်းလုံးပေ ဆုံးရှုံးရ
တိုင်းပြည်နစ်နာလှ ... ။
ချစ်ခင်နေကြ စည်းလုံးသော်
ထင်းစည်းပုံပမာနော်
အေးချမ်းရှင်ပျော် သာစေဖို့
စည်းလုံးကြပါစို့ ... ... ... ။

ကိုကိုဇင်(ပညာရေး)

## ရောဝတီ

✧ မေခနှင့် မလိခ
ပေါင်းဆုံကြ စီးဆင်းရာ၊
သီတာရေ ကြည်လင်အေး
ရှုခင်းလေးသာ၊
ကချင်ပြည်မှ စီးဆင်းလာ
မြစ်ရော မွေးဖွား၊
မြစ်နဒီ တန်ဖိုးဖြစ် သမို့
ချစ်စိတ်တွေပွား။

✧ ပြည်မြန်မာ တန်ဖိုးထွား
အကျိုးများ မြစ်ကြီးပေ၊
သဲသောင်မြေ ထုတ်ယူခြင်း
ကင်းပပါစေ၊
ကမ်းပြိုမှု ကြီးမားနေ
သတိတွေဖြင့် ထိန်းသိမ်းရေး၊
တည်တန့်ခိုင် မပျက်စီးအောင်
စောင့်စည်းကြလေး။

✧ မြစ်ရော အကျိုးရှိ
ရေချိုအတိ သောက်ရသည်၊
စိုက်ပျိုးရေ အလုံအလောက်
ထောက်ပံ့လျက်တည်၊
ထာဝရ ရောဝတီ
သမိုင်းနဒီ လက်ဆင့်ကမ်း၊
လူတိုင်းရယ် ချစ်မြတ်နိုးကာ
ကြိုးစားရှက်ထမ်း။ ။

ရွှေမြိုင်သူ(မြန်မာစာ)

# MNL ယူ-၂၁ လူငယ်လိဂ်တွင် အား/ကာသိပ္ပံအသင်း ရှုံးပွဲကြုံတွေ့သော်လည်း ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်ပြီး ဒဂုံစတား၊ Falcon နှင့် ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲရရှိ

ရန်ကုန် ဇူလိုင် ၁၂

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃) ဒုတိယနေ့နှင့် တတိယနေ့ကို ဇူလိုင် ၁၁ ရက်နှင့် ၁၂ ရက်က ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်း ရှုံးပွဲကြုံတွေ့သော်လည်း ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ကျင်းပသည့်ပွဲတွင် Falcon အသင်းက အား/ကာသိပ္ပံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဇယားထိပ်ဆုံးမှ အား/ကာသိပ္ပံအသင်းသည် ရှုံးပွဲကြုံတွေ့သော်လည်း ဒုတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်း၏ သရေပွဲကြောင့် ထိပ်ဆုံးတွင် ဆက်လက်ရပ်တည်ကာ ရာသီဝက်ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ Falcon အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၅၆ မိနစ်တွင် ညီညီသန့်က သွင်းယူသည်။ ယခုပွဲအပြီးတွင် Falcon အသင်းက ၁၃ ပွဲကစား ၁၈ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၃ ပွဲကစား ၂၉ မှတ်ရရှိထားသည်။



ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းက Junior Lions အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲပြန်ရပြီး ၂၄ မိနစ်တွင် ကောင်းမင်းထွဋ်၊ ၂၇ မိနစ်တွင် ကောင်းခန့်ဟိန်းတို့က သွင်းယူပြီး Junior Lions အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၃၁ မိနစ်တွင် သူရမင်းသန့်က သွင်းယူသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၂၇ မှတ်၊ Junior Lions အသင်းက ရမှတ် ၂၀ ရရှိထားသည်။ YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ သုံးဂိုးစီသရေကျခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ရာသီဝက်ချန်ပီယံဖြစ်မည့်အခွင့်အရေးကို ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့် ချေပဂိုးကြောင့် လက်လွှတ်ခဲ့ရသည်။ ဟံသာဝတီအသင်းသည် နှစ်ကြိမ်တိုင် ဦးဆောင်ပြီးမှ ဂိုးများပြန်ပေးရကာ သရေကျခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းအတွက် ဂိုးများကို ၁၂ မိနစ်တွင် ကောင်းမြတ်အောင်၊ ၅၄ မိနစ်တွင် ခန့်ဇော်သိန်း၊ ၉၀+၁ မိနစ်တွင် သော်လင်းထက်တို့က သွင်းယူပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၃၆ မိနစ်တွင် ထက်ဝေယံစိုး၊ ၈၁ မိနစ်တွင် မောင်တော့ပ်နှင့် ၈၈ မိနစ်တွင် ရဲဝင်းအောင်တို့က သွင်းယူသည်။ ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၂၇ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၅ မှတ်ရရှိထားသည်။

ဇူလိုင် ၁၂ ရက်က ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက ရာမညယူနိုက်တက်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ခြောက်မိနစ်တွင် မျိုးသီဟထွန်း၊ ၄၂ မိနစ်တွင် စောအာကာလူး၊ ၇၁၊ ၇၃ မိနစ်တွင် ခိုင်မြေ့ကျော်တို့က သွင်းယူသည်။ ယခုပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၂၇ မှတ်၊ ရာမညယူနိုက်တက်အသင်းက ၁၉ မှတ်ရရှိထားသည်။

ပထမအကျော့နောက်ဆုံးပွဲကို ဇူလိုင် ၁၃ ရက်တွင် ပဒုမ္မာကွင်း၌ ကျင်းပမည်ဖြစ်ပြီး ရတနာပုံအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MNL

# Futsal Champion Cup 2025 ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

Futsal Champion Cup 2025 ပြိုင်ပွဲ အုပ်စုဒုတိယနေ့နှင့် တတိယနေ့ကို ဇူလိုင် ၁၁၊ ၁၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ဇူလိုင် ၁၁ ရက်က ကျင်းပသည့် ဒုတိယနေ့တွင် YCDC MHDT အသင်းက Water King အသင်းကို ၁၇ ဂိုး-နှစ်ဂိုး၊ KKY အသင်းက SGF အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ United City အသင်းက ပြည့်စုံအသင်းကို ခုနစ်ဂိုး-နှစ်ဂိုး၊ YRG အသင်းက ဟံသာဝတီအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဇူလိုင် ၁၂ ရက်က ကျင်းပသည့် တတိယနေ့တွင် Winner Generations အသင်းက Kyaung Sayar Tharhtwe အသင်းကို ငါးဂိုးပြတ်၊ Gold Dream အသင်းက Ruby Vocanose အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ G-UPT အသင်းက တော်ဝင်နန်းအသင်းကို ခြောက်ဂိုးပြတ်၊ TG United အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၀ ဂိုး-တစ်ဂိုး၊ M2K အသင်းက မလိကြယ်စင်အသင်းကို ငါးဂိုး-တစ်ဂိုး၊ ဖူဆယ်ချစ်သူအသင်းက Maryar Noka အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ အုပ်စုစတုတ္ထနေ့ကို ဇူလိုင် ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**



G-UPT အသင်းနှင့် တော်ဝင်နန်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# မြန်မာနေရှင်နယ်လိဂ်ထိပ်သီးကလပ် ရှမ်းယူနိုက်တက်နှင့် ထိုင်းထိပ်သီးကလပ် ဘူရီရမ်ယူနိုက်တက် ခြေစမ်းမည်

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနေရှင်နယ်လိဂ် ထိပ်သီးကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ထိုင်းထိပ်သီးကလပ် ဘူရီရမ်ယူနိုက်တက်အသင်းသည် ဩဂုတ် ၂ ရက်တွင် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဘူရီရမ်ယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီ ထိုင်းပြည်တွင်းပြိုင်ပွဲလေးခုတွင် သုံးခု၌ ချန်ပီယံဆုရယူနိုင်ခဲ့သလို အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲတွင်လည်း ဗိုလ်စွဲကာ ဖလားလေးလုံးအထိ ရယူနိုင်ခဲ့သည့်အသင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုနှစ်အတွင်း ထပ်မံယှဉ်ပြိုင်ရမည့် ပြည်တွင်းအမှတ်ပေးပြိုင်ပွဲအပြင် နိုင်ငံတကာကလပ်ပြိုင်ပွဲနှစ်ခုအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုခြေစမ်းပွဲကစားခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဩဂုတ် ၈ ရက်၊ ၁၅ ရက်တွင် ၂၀၂၅-၂၀၂၆ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းခြေစစ်ပွဲမတိုင်မီ ထိုင်းနိုင်ငံသို့ကြိုတင်သွားရောက်ကာ ဘူရီရမ်ယူနိုက်တက်အသင်းနှင့် ခြေစမ်းကစားခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီ ပထမဆုံးပြိုင်ပွဲဖြစ်သည့် MNL League Cup ပြိုင်ပွဲတွင် ချန်ပီယံဆုလက်လွှတ်ခဲ့ရသဖြင့် ပြည်တွင်းလိဂ်ဖြစ်သော MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုကာကွယ်နိုင်ရန်အပြင် နိုင်ငံတကာပြိုင်ပွဲဖြစ်သည့် အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲနှင့် AFC Challenge League ပြိုင်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် ပြင်ဆင်လျက်ရှိသည်။

ချစ်ကိုကို

**✻ အီတလီအမျိုးသမီးမှ**

ဂိုဂျာရိုက တစ်ဂိုးနဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပိုတစ်မိနစ်မှာ အက်စ်တာဂွန်ဇာလက်ဇ်ကတစ်ဂိုး သွင်းယူပေးခဲ့လို့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

စပိန်အမျိုးသမီးအသင်းဟာ အီတလီအမျိုးသမီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမျိုးသမီးယူရို ၂၀၂၅ ပြိုင်ပွဲအုပ်စုအဆင့်မှာ ရာနှုန်းပြည့်နိုင်ပွဲရရှိခဲ့ပြီး အခုပွဲစဉ်မှာ စပိန်အမျိုးသမီးအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ အက်စ်တာဂွန်ဇာလက်ဇ်ကလည်း အမျိုးသမီး ယူရို ၂၀၂၅ ပြိုင်ပွဲမှာ သွင်းဂိုးလေးဂိုးအထိ ရှိလာခဲ့ပြီလည်းဖြစ်ပါတယ်။

အီတလီအမျိုးသမီးအသင်းကလည်း စပိန်အမျိုးသမီးအသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် အုပ်စု(B)ရဲ့ အုပ်စုဒုတိယနေရာနဲ့ အမျိုးသမီးယူရို ၂၀၂၅ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။ စပိန်အမျိုးသမီးဟာ အမျိုးသမီးယူရို ၂၀၂၅ ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှာ အုပ်စု(A)ရဲ့ အုပ်စုအဆင့်ဒုတိယနေရာက ဆွစ်ဇာလန်အမျိုးသမီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အီတလီအမျိုးသမီးအသင်းကတော့ အုပ်စု(A)ရဲ့ အုပ်စုပထမနေရာနဲ့ နောက်တစ်ဆင့်တက်လာတဲ့ နော်ဝေအမျိုးသမီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

ငွေကြယ်

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့် နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါ ရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့် နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင် ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသသတိပေးချက်များနှင့်ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက် အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီ တောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၆၀)၊ အောင်သပြေလမ်း၊ အကျယ်အဝန်း(၄၃'x၆၀')၊ (၂၅၈၀)စတုရန်းပေ၊ ဧရိယာ (၀.၀၅၉)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဦးကျော်မြ** [၁၁/ကဖန (နိုင်) ၀၅၁၄၄] အမည်ပေါက်တည်ရှိပြီး အမည်ပေါက် ကိုယ်တိုင်မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်အေးအေးမွန်** [၁၂/မဂတ(နိုင်)၀၀၁၃၆၉]မှ အပြီးအပိုင် ဝယ်ယူရန် အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမွန်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို(LL.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** — **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာ၊ နယ်မြေ(၁၂)၊ လမ်းသစ်လမ်း၊ အမှတ်(၇) တွင် နေထိုင်ကြသော ဦးဆဲဒူး (ခ) ဦးသက်ဦး [၁၂/သလန(ပြု)၀၀၃၇၀၈] နှင့် ဒေါ်လချမီး (ခ) ဒေါ်စိုးစိုးဝင်း [၁၂/သလန(ပြု)၀၀၃၁၇၉] တို့၏ သားဖြစ်သူ မောင်ကျော်ဝဏ္ဏ [၁၂/သလန(ပြု)၀၀၆၀၀၉] သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမနာခံဘဲ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် မောင်ကျော်ဝဏ္ဏနှင့်ပတ်သက်သည့် အရှုပ်အရှင်း ကိစ္စအဝဝကို ဤကြော်ငြာပါသည့်နေ့မှစ၍ တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် ၎င်းတို့၏ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ရွှေရည်ဝင်း** — **ဒေါ်သန်းသန်းစိန် (LL.B) (LL.M)**

**အထက်တန်းရှေ့နေ (စဉ်–၄၇၉၂၉)** — **တရားလွှတ်တော်ရှေ့နေ (စဉ်–၇၈၀၀)**

**ဖုန်း – ၀၉–၅၄၀၆၄၀၆၊ ၀၉–၂၅၄၉၅၁၁၇၇၊ ၀၉–၇၉၅၄၂၀၇၉၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ပါမစ်မြေကွက်အမှတ်(ထ/၄၃)၊ ဒေါ်မြတင် အမည်ပေါက် (အလျား ၂၀ပေxအနံ ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၆) ရပ်ကွက်၊ အောင်မေတ္တာ (၃) လမ်း၊ အမှတ်–၂၃၄၉/က ဟုခေါ်တွင်သော အိမ်အပါအဝင် သီးပင်၊ စားပင်၊ မီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်စန်းစန်းဝေ (ဘ) ဦးအုန်းငွေ [၆/လလန (နိုင်) ၀၁၀၄၂၀] ကိုင်ဆောင်သူက ဒေါ်တင့်ရွှန်းဝေ (ဘ)ဦးစိန်အေး [၁၂/ကမရ(နိုင်)၀၆၂၇၇၆] ကိုင်ဆောင်သူသို့ (၂၉–၆–၂၀၂၅) ရက်နေ့တွင် အပြီးအပိုင်ရောင်းချလိုက်ပြီးဖြစ်ကြောင်း နှင့် အထက်ဖော်ပြပါမြေနှင့် အိမ်သည် ရောင်းချသူ ဒေါ်စန်းစန်းဝေ၊ သားဖြစ်သူ ဦးဝေဖြိုးဟန်တို့နှင့် နောက်နောင်မည်သို့မျှ သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းဝေ [၆/လလန (နိုင်) ၀၁၀၄၂၀] ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ဥမ္မာထွေး (LL.B,D.B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၂၅၀)**

**အမှတ် (၉/၁၁)၊ ၂၀၂ (အီး)၊ ဒုတိယလွှာ၊ ၃၆–လမ်းတို၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း – ၀၉–၉၈၀၀၅၆၅၅၈၊ ၀၉–၄၃၁၃၇၆၇၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ရတနာမြိုင်လမ်းရှိ မြေတိုင်း အမှတ်(၈၀)၊ မြေကွက်အမှတ် (၉)၊ ဧရိယာ (၀. ၃၃၇) ဧက ၊ ဦးထွန်းတင်+ဒေါ်စောရင် အမည်ပေါက် ဂရန်မြေကွက်အနက်မှ တရားဝင် မခွဲစိတ်ရသေးသော အိမ်အမှတ် (၂၉)၊ ပေအကျယ် (၃၂x၄၂) ပေခန့် ၊ အုတ်ခြံစည်းရိုးကာရံထားပြီး မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် ပျဉ်ထောင်အိမ် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းအေး [၁၂/ကမရ (နိုင်)၀၀၂၈၈၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးကြည်စိုးထွန်း ( LL.B ) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၄၉၄)**

**အမှတ် ( ၈၃/၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၂၅၀၀၁၃၁၃၂**

